
myoe.com

SAMPLE BOOK

# How To Get Filthy Rich In Rising Asia

Mohsin hamid



ခရမ်းသစ်အိမ်

မြန်မာပြန်

# ခေတ်သစ်ရေသည်ယောက်ျား

(တိုးတက်တဲ့ အာရှတစ်လွှားမှာ ဘောစိဖြစ်နည်း)

2023.GRAPHIC DESIGN : KYAW MINN MOUNG

myoe.com

mgyoe.com
SAMPLE BOOK

ခရမ်းသစ်အိမ်
မြန်မာပြန်

# ခေတ်သစ်ရေသည်ယောက်ျား

(တိုးတက်တဲ့ အာရှတစ်လွှားမှာ ဘောစိဖြစ်နည်း)

How To Get Filthy Rich
In Rising Asia
Mohsin hamid



ISBN 978-99986-52-07-1
K0495

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၂၃ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - လပြည့်လင်း ပုံနှိပ်တိုက် (၀၁၃၆၉)၊ အမှတ် ၁၁-H၊
၅၅ လမ်း (အလယ်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- ကျော်မင်းမောင်
တန်ဖိုး - ၆၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK




ခရမ်းသစ်အိမ်

# ခေတ်သစ်ရေသည်ယောကျ်ား

(တိုးတက်တဲ့ အာရှတစ်လွှားမှာဘောစိဖြစ်နည်း)

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK



## မိတ်ဆက်အမှာစာ

"ကျွန်တော့်ဝတ္ထုတွေကို တစ်ဝက်တပျက်မှာ ရပ်ပစ်တာထက် နှစ်ခေါက် ပြန်ဖတ်ရတာမျိုးပဲ ဖြစ်စေချင်တယ်" လို့ အင်တာဗျူးတစ်ခုမှာ ပြောခဲ့ဖူးတဲ့ စာရေးဆရာ မိုဆင် ဟာမစ်က ဒီစာအုပ်ရဲ့ မူရင်းဝတ္ထုရေးသူပဲ ဖြစ်ပါတယ်။

မိုဆင် ဟာမစ်ဟာ ပါကစ္စတန်နိုင်ငံဖွား တစ်ယောက် ဖြစ်ပြီးတော့ ငယ်ဘဝမှာတုန်းက ပါရဂူဘွဲ့ တက်နေတဲ့ သူ့အဖေ ပါမောက္ခကြောင့် အမေရိကန်မှာ နေထိုင်ခဲ့ရဖူးပါတယ်။ နောက်ပိုင်း ပါကစ္စတန်ကို ပြန်ပြောင်းလာချိန်မှာတော့ လာဟိုးမြို့က အမေရိကန်ကျောင်းမှာပဲ ကျောင်းပြန်တက်ခဲ့တယ်။ အသက် ၁၈ နှစ် ပြည့်ချိန်မှာ အမေရိကန်ကို ပြန်သွားပြီး သူ့အဖေ ပါရဂူဘွဲ့ ယူခဲ့တဲ့ ပရင့်စ်တန်တက္ကသိုလ်မှာ ကျောင်းပြန်သွားတက်တာ အသက် ၂၂ နှစ်အရွယ် ၁၉၉၃ မှာတော့ အမြင့်ဆုံးအဆင့်နဲ့ ဘွဲ့ရခဲ့ပါတယ်။

အဲဒီမှာ တက်နေစဉ်အတွင်း ဖန်တီးစာပေ ရေးသားမှုဆိုင်ရာ သင်တန်းတက်ခဲ့ပြီး နာမည်ကျော်စာရေးဆရာတွေ ဖြစ်တဲ့ ဂျိုက်စ်ကာရိုးအုတ်စ်နဲ့ တိုနီမော်ရစ်ဆန်တို့ရဲ့ သင်ကြားလမ်းပြမှုတွေ ရခဲ့တယ်။ ပထမဆုံးဝတ္ထု ဖြစ်လာမယ့် 'Moth smoke' အတွက် မူကြမ်းကို တိုနီမော်ရစ်ဆန်ရဲ့ သင်ကြားမှုမှာ လေ့ကျင့်ခန်း အဖြစ် လုပ်ရင်း စရေးဖြစ်ခဲ့တယ်။

ဟားဗတ် ဥပဒေကျောင်းမှာ ဆက်တက်ပြီး ၁၉၉၇ ခုနှစ် ဘွဲ့ရပြီးချိန်မှာတော့ စီမံအုပ်ချုပ်မှုဆိုင်ရာ အကြံပေးအနေနဲ့ နယူးယောက်မှာ ဆက်လုပ်နေတယ်။ အလုပ်လုပ်နေရင်းနဲ့ တစ်နှစ်မှာ သုံးလလောက် ခွင့်ယူပြီး ဝတ္ထုကို အကြိမ်ကြိမ် ပြန်ရေးတာမှာ ကိုးကြိမ်အထိ ပြန်ရေးခဲ့တယ်လို့ ဆိုပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၀၁ ခုနှစ်မှာ လန်ဒန်ကို ပြောင်းရွှေ့လာပြီး ဗြိတိသျှနဲ့ ပါကစ္စတန် နှစ်နိုင်ငံလုံးရဲ့ နိုင်ငံသား ဖြစ်လာပါတယ်။ နိုင်ငံများစွာ ရွှေ့ပြောင်းသွားလာနေခဲ့လို့ ရေစီးထဲမှာ ရှင်သန်တဲ့ ကြာပန်းလို့တောင် နာမည်ရခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာတော့ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့မှာ ဇနီး၊ သမီးနဲ့အတူ ပြန်လည်အခြေချနေထိုင်ခဲ့တယ်။

ပထမဆုံးဖြစ်တဲ့ ‘Moth smoke’ ဝတ္ထုကို ၂၀၀၀ ခုနှစ်မှာ ထုတ်ဝေခဲ့ပြီး Hemingway Foundation/PEN Award မှာ ဇကာတင်စာရင်းဝင် ဖြစ်ခဲ့ကာ ပါကစ္စတန်မှာ နာမည်ကြီးစာရေးဆရာ ဖြစ်လာပါတယ်။

ဒုတိယဝတ္ထုဖြစ်တဲ့ ‘The reluctant fundamentalist’ ကိုတော့ ၂၀၀၇ ခုနှစ်မှာ ထုတ်ဝေပြီး နယူးယောက်တိုင်းရဲ့ အရောင်းရဆုံးစာရင်းမှာ နံပါတ်လေး ချိတ်တဲ့အထိ အုပ်ရေသန်းပေါင်းများစွာ ရောင်းခဲ့ရတယ်။ ဘွတ်ကာဆုစာရင်းမှာ ဆန်ခါတင်အထိ ရွေးချယ်ခံခဲ့ရပြီးတော့ Anisfield-Wolf Book Award နဲ့ Asian American Literary Award တွေ အပါအဝင် ဆုပေါင်းများစွာ ရရှိခဲ့ပါတယ်။ ရုပ်ရှင်အဖြစ်နဲ့လည်း ရိုက်ကူးခဲ့ပြီး ဂါဒီယန်သတင်းဌာနက ဆယ်စုနှစ်ရဲ့ ပြယုဂ်တစ်ခုအဖြစ် အမွှမ်းတင်ခဲ့တယ်။ ဘာသာပေါင်း ၂၅ ခုအထိ ဘာသာပြန်ဆိုခံရပြီးတော့ မြန်မာဘာသာနဲ့ ပြန်ဆိုထားတာကလည်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်ဝေဖို့ နှောင့်နှေးနေပါသေးတယ်။

အခု ဘာသာပြန်ကတော့ တတိယမြောက် စာအုပ်ဖြစ်ပြီး ၂၀၁၃ ခုနှစ်မှာ ထွက်ခဲ့တယ်။ တက်ကျမ်းပုံစံလိုမျိုး ရေးထားပြီးတော့ တိုက်ရိုက်အပြောခံ နာမ်စား (မင်း) နဲ့ ထူးခြားစွာ ရေးဖွဲ့ထားပါတယ်။ သာမာန်ဝတ္ထုပုံစံ အနေအထားမှာ သုံးလို့မရတဲ့ နည်းနာတွေကို သုံးနိုင်တာကြောင့် အဲဒီလို ရေးဖွဲ့ဖြစ်တယ်လို့ အင်တာဗျူးတစ်ခုမှာ ဖြေထားပါတယ်။

ဇာတ်လမ်းကတော့ အာရှက မြို့ကြီးတစ်မြို့လို့ပဲ ဆိုထားပေမယ့် သူ့နေရပ် လာဟိုးမြို့ကို ရည်ညွှန်းရေးဖွဲ့ထားတာမှာ တခြား အာရှနိုင်ငံများက မြို့ကြီးတွေကိုပါ ထင်ဟပ်နေမယ့် အကြောင်းအရာ အဖြစ်အပျက်တွေကို မြင်နေရပါတယ်။ ပွင်ကောင်းတဲ့ အလုပ်ကို မရနိုင်လို့ စိတ်မပါဘဲနဲ့ ရရာအလုပ် လုပ်နေရတဲ့ ကျောင်းဆရာလိုမျိုးတွေနဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်လုပ်နေရတာမျိုးတွေ အပါအဝင် ဇာတ်ကောင်တွေနဲ့ ဖြစ်စဉ်တွေက ကျွန်တော်တို့ နိုင်ငံနဲ့ သွားကိုက်ညီ

နေတာကိုလည်း တွေ့နိုင်ပါတယ်။ သတင်းတွေမှာ ပါနေတဲ့ ပါကစ္စတန်အကြောင်း ဆိုရင် လူတွေက ရိုးရှင်းအောင် အတင်းချုံ့ပစ်လိုက်တာမျိုး လုပ်ထားတာ ဖြစ်နေလို့ အဖြစ်မှန်နဲ့နီးစပ်အောင် ဝတ္ထုရေးပြီး ပြန်ရှုပ်ထွေးအောင် လုပ်ရတာလို့ စာရေးသူ က အင်တာဗျူးတစ်ခုမှာ ပြောပြဖူးပါတယ်။

နောက်ထပ် ဝတ္ထုစာအုပ်တွေအနေနဲ့ ၂၀၁၇ မှာ Exit west နဲ့ ၂၀၂၂ မှာ 'The last white man' စာအုပ်တွေ ထုတ်ဝေခဲ့ပါတယ်။ ဝတ္ထုမဟုတ်တဲ့ စာအုပ်အနေနဲ့တော့ 'Discontent and Its Civilisations: Despatches from Lahore' ဆိုတဲ့ စာအုပ်ကို ၂၀၁၄ မှာ ထုတ်ဝေခဲ့ပါတယ်။ ဝတ္ထုတိုအနေနဲ့တော့ 'The Face in the Mirror' ဆိုတဲ့ အမည်နဲ့ 'The last white man' ကနေ ထုတ်နုတ်ရေးသားထားတာကို ဝတ္ထု မထွက်ခင်မှာ ပုံနှိပ်ဖော်ပြခဲ့ပါတယ်။

♦

mgyoe.com

mgyoe.com SAMPLE BOOK

- မြို့ကြီးကို ပြောင်း
- ပညာသင်
- မချစ်မိစေနဲ့
- စံပြတွေကို တန်ဖိုးထားတဲ့ သူတွေကို ရှောင်
- ဆရာသမားဆီကနေ သင်ယူ
- မင်းအတွက်ပဲ အလုပ်လုပ်
- အကြမ်းဖက်ဖို့ အသင့်ရှိပါစေ
- ဝန်ထမ်းတွေနဲ့ မိတ်ဆွေဖြစ်အောင် လုပ်
- စစ်ဖန်တီးတဲ့ သူတွေကို ထိန်းထား
- အကြွေးနဲ့ ကခုန်ပါ
- အခြေခံအချက်တွေကို အာရုံစိုက်
- ထွက်လမ်း ပြင်ထား

mgyoe.com

mgyoe.com SAMPLE BOOK

## ( ၁ ) မြို့ကြီးကို ပြောင်း

ကိုယ့်အား ကိုယ်ကိုးရေး စာအုပ် ဆိုတာက ရေးတဲ့သူအတွက်က လွဲရင် သောက်တလွဲချည်းပဲ။ ကိုယ့်အား ကိုယ်ကိုးရေး စာအုပ် ဆိုပြီးတော့ မင်းကိုယ်တိုင် မဟုတ်တဲ့ စာရေးသူက မင်းကို ကူညီဖို့တဲ့လေ။ ကိုယ့်အား ကိုယ်ကိုးရေး စာအုပ် အမျိုးအစားတွေ မှန်သမျှက ဒီလိုတွေချည်းပါပဲ။ ဥပမာအားဖြင့် ဘယ်လို လုပ်ရမယ်ဆိုတဲ့ စာအုပ်မျိုးတွေလည်း အဲလိုပဲ။ တက်ကျမ်းတွေလည်း ပါတယ်။ တချို့ကဆို ဘာသာရေးစာအုပ်တွေကပါ အဲလိုပဲလို့တောင် ဆိုကြတယ်။ တချို့ကတော့ အဲဒီလို ပြောတဲ့ လူတွေကို မလှုပ်နိုင်အောင် ချုပ်ပြီး လည်မျိုကို ဓားနဲ့ တမြည့်မြည့် လှီးလို့ သွေးလွန်သေအောင် လုပ်ချင်ကြလိမ့်မယ်။ ဆိုတော့ ဒီအကြောင်းကို အငြင်းမပွားဘဲ မြန်မြန်လေး ကျော်သွားတာက ကောင်းလိမ့်မယ်။

ခုကနေစပြီးတော့ ကိုယ့်အားကိုယ်ကိုးရေး စာအုပ်တွေက အသုံးမဝင်ဘူးလို့ ပြောတာမျိုး ပါမှာ မဟုတ်ပါဘူး။ တကယ့်ကို အသုံးဝင်ပါတယ်လို့တောင် ပြောနိုင်ပါတယ်။ ဒါပေမဲ့ ကိုယ့်အား ကိုယ်ကိုးရေး ဆိုကတည်းက ကိုယ် ဆိုတာကိုက ချောကျိကျိနဲ့ ဖမ်းဆုပ်ရခက်တဲ့ဟာ တစ်ခုပါပဲ။ အဲဒီလို ချောကျိကျိနဲ့ ဖမ်းဆုပ်ရ ခက်တာကပဲ ကောင်းတယ်၊ ပျော်စရာ ကောင်းတယ်။ အခြောက်တိုက် ဝင်လာရင် နာမယ့်ဟာတွေတောင်မှ ချောကျိကျိ ဆိုရင် အဆင်ပြေသွားတာပဲ။

mgyoe.com

mgyoe.com

ဒီစာအုပ်က တက်ကျမ်းပါပဲ။ ရည်ရွယ်ရင်းကတော့ အဖုံးမှာ ပါသလိုပဲ တိုးတက်တဲ့ အာရှတစ်လွှားမှာ ဘောစိ ဖြစ်နိုင်တဲ့နည်း ပေးဖို့ပါ။ အဲဒီလို ဖြစ်ဖို့ တော့ အေးစက် စိုစွတ်နေတဲ့ တစ်မနက်ခင်းမှာ ပုခက်လေးထဲ မင်း ချမ်းပြီး တုန်နေ တာကနေ စဖို့လိုတယ်။ မင်းရဲ့ ဒုက္ခတွေက ကောင်လေးတစ်ယောက်ရဲ့ ချောကလက် လွတ်ကျသွားတဲ့ ဒုက္ခ၊ ရီမုကွန်ထရိုး ခလုတ်ခဲအားကုန်သွားတဲ့ ဒုက္ခ၊ ဆိုင်ကယ် ပျက်သွားတဲ့ ဒုက္ခနဲ့ ဖိနပ်ခိုးခံရတဲ့ ဒုက္ခတွေပဲ။ အဲဒီဟာတွေကို မင်း ဘဝမှာ တစ်ခါမှ မတွေ့ဖူးဘူး ဆိုရင်တော့ ပိုပြီးတောင် မှတ်မှတ်ထင်ထင် ဖြစ်စရာပေါ့။

သွေးထဲက ဘီလီရူဘင် ခလုတ်တွေကြောင့် မျက်လုံးတွေက ဝါနေမယ်။ မစင်ကနေပြီးတော့ အစားအသောက်က တစ်ဆင့် ကူးစက်တဲ့ အသည်းရောင် အသားဝါရောဂါကြောင့်လေ။ ကောင်းမှ ကောင်းပဲ။ ဒါပေမဲ့ လူငါးဆယ်မှာမှ တစ်ယောက်ပဲ သေနိုင်တဲ့ဟာ ဆိုတော့ မင်း ပြန်ကောင်းလာမှာပါ။ လောလော ဆယ်မှာတော့ သေမလောက် ခံစားရလိမ့်မယ်။

မင်းအမေကတော့ ဒီလိုအခြေအနေမျိုးတွေကို ခဏခဏ ကြုံဖူးနေကျ ဆိုတော့ မင်း သေမယ်လို့ မထင်တော့ဘူး။ အဲ... ထင်ချင်လည်း ထင်မှာပေါ့။ သူ ကြောက်နေလောက်ပါတယ်။ လူတိုင်းက သေမျိုးလေ။ မင်းလိုမျိုး တတိယ မြောက် သားတစ်ယောက်က အသံတောင် မထွက်နိုင်ဘဲ ငိုနေတာကို မြင်ရတဲ့ အမေတိုင်းကတော့ သေမင်းက နှစ်နှစ်ဆယ်၊ သုံးဆယ်လောက် စောလာတယ် လို့ တွေးမိမှာပဲ။ မသေဘဲ ကျန်တဲ့ ကလေးတွေနဲ့ အတူတူနေနေတဲ့ သူ့ ရွံ့တဲ လေးထဲကို သေမင်းက မည်းညစ်နေတဲ့ ခေါင်းစည်းကို ချွတ်ရင်း လာရိုး လာစဉ် ပုံစံနဲ့ အာသာငမ်းငမ်း ပြုံးပြနေတာကို ခံစားမိနေမှာပဲလေ။

မင်းအမေ ပြောလိုက်တာကတော့ "ငါတို့ကို ဒီမှာ မထားခဲ့နဲ့" တဲ့။

မင်းအဖေကတော့ ဒီလိုပြောတာမျိုးကို ကြားဖူးပြီးသားပါ။ ဒါပေမဲ့ လည်း ဒီလောက်နဲ့တော့ လုံးဝကို ဂရုမစိုက်တာ။ သူက ရာဂဆန္ဒ ပြင်းပြသူ ဆို တော့ မင်းအမေရဲ့ ရင်သားထွားထွားတွေ၊ ပေါင်လုံးတုတ်တုတ်တွေနဲ့ ဝေးနေတဲ့ အချိန်တွေမှာ တစ်နှစ်မှ သုံးလေးခါ တွေ့ရမဲ့အစား ညတိုင်းသာ ဖြစ်လိုက်ပါ လားလို့ တွေးတွေးနေတတ်တယ်။ သူက မင်းအမေရဲ့ ခပ်ကြမ်းကြမ်း ဟာသစိတ် ကို သဘောကျပြီးတော့ အတူရှိနေရတာကိုလည်း မနှောင့်ယှက်ချင်နေတတ်တယ်။ သူ့ရဲ့ မျိုးဆက်သစ်လေးတွေကို ချစ်ကြောင်း၊ ကြိုက်ကြောင်း တစ်ခါမှ မပြောဖူးပေမဲ့

mgyoe.com

mgyee.com SAMPLE BOOK

လည်း မင်းနဲ့ မင်းညီအစ်ကို မောင်နှမတွေ ကြီးလာကြတာကိုတော့ မြင်ချင်ပုံပဲ။ သူ့အဖေ ဆိုရင်လည်း ကွင်းထဲမှာ စိုက်ထားတဲ့ အပင်တွေ ကြီးလာတာကို နေ့တိုင်း စောင့်ကြည့်ပြီး ကျေနပ်နေတာမျိုးလေ။ ကလေးတွေ ကြီးလာတာဟာ အပင်တွေ ကြီးလာတာနဲ့ ခပ်ဆင်ဆင်ပဲ ဆိုတော့ မင်းအဖေနဲ့ အဘိုးက အတူတူပဲလို့ ဆိုနိုင်တယ်။

"မင်းတို့ကို မြို့ပေါ် ခေါ်သွားဖို့တော့ ငါ မတတ်နိုင်ဘူး" တဲ့။

"နင်တို့ အဆောင်မှာပဲ ငါတို့ လိုက်နေနိုင်ပါတယ်"

"ငါက ကားသမားနဲ့ အတူနေရတာ။ အဲဒီကောင်က ကိုယ့်ဘာသာ အာသာဖြေနေကျ ကောင်၊ ဆေးလိပ် မပြတ်တမ်း သောက်ပြီး နှမတောင် မရှောင်တဲ့ ကောင်ရယ်။ ပြီးတော့ အဆောင်မှာ ဘယ်မိသားစုမှ လိုက်မနေကြဘူး"

"နင် အခု တစ်သောင်းတောင် ရတာပဲ၊ ဆင်းရဲနေတာမှ မဟုတ်တာ"

"မြို့မှာတော့ တစ်သောင်းပဲ ရတယ် ဆိုတာ ဆင်းရဲတာဟ"

သူ ထပြီး ထွက်သွားတယ်။ သူ့ သားရေဖိနပ်ကို နောက်ကြိုး မသိုင်း ထားတော့ ဖတ်လတ်ဖတ်လတ် ဖြစ်နေပြီး အကြေးခွံတွေလိုပဲ အသားမာတက်နေတဲ့ ခြေဖနောင့်ကို မင်း လိုက်ကြည့်နေလိမ့်မယ်။ သူ တံခါးက ထွက်ပြီး မင်းတို့ မိသားစုရဲ့ ခြံဝိုင်းအလယ်က ကွက်လပ်ကို သွားတယ်။ သူက အဲဒီနားမှာ ရှိတဲ့ တစ်ပင်တည်းသော သစ်ပင်ကြီးဟာ နွေမှာ ကြည့်ကောင်းသလောက် ဆောင်းမှာ သူ့ဘာသာတောင် မနည်း ရှင်သန်နေရတဲ့ အဖြစ်ကို တွေးပြီး နောက်တွန့်နေမဲ့ သူတော့ မဟုတ်ဘူး။ အဲဒီနေရာကို ဖြတ်ပြီးတော့ ကုန်းစောင်းလေး နောက်မှာ ဆောင့်ကြောင့်ထိုင်လို့ သူ့ဗိုက်ကို ရှင်းဖို့ပဲ။ သူ တစ်ယောက်တည်းမှ မဟုတ်၊ တခြားသူတွေလည်း ဒီတိုင်း လုပ်ကြတာပဲလေ။

ကုန်းစောင်းလေးရဲ့ ဘေးမှာ လူတစ်ရပ်စာလောက် ရှိတဲ့ ချောက် ဖြစ်နေပြီး ရေလေး နည်းနည်း စီးနေတတ်တယ်။ ခုလိုရာသီမှာဆိုရင် အဲဒီနှစ်ခုရဲ့ ပုံစံဟာ အကျဥ်းစခန်းက အရိုးပဒေသာကောင်က စားဖို့မှုးဝတုတ်ရဲ့ ဝတ်စုံကို ယူဝတ်ထားသလိုပဲ မလိုက် မကိုက်။ မိုးတွင်းဆိုရင်တော့ ရေက တက်နိုင်သမျှထိ တက်ပြီး လျှံနေတတ်တယ်။ ဒါတောင်မှ ရေပြည့်တာဟာ အရင်ကထက် နည်းလာပြီးတော့ အပြောင်းအလဲ မြန်တဲ့ မုတ်သုံပေါ် မှီတည်နေရတယ်။

မင်းတို့ ရွာက လူတွေက အဲဒီမှာ အလေးအပေါ့ သွားကြပြီးတော့ အဲဒီ အထက်ပိုင်းမှာမှ အဝတ်လျှော်ကြတဲ့ နေရာ၊ ဟိုး ပိုအထက်ကျတဲ့ဘက်မှာ သောက်

mgyee.com

mgyoe.com

SAMPLE BOOK


ရေအတွက် နေရာ ရှိကြတယ်။ အဲဒီရဲ့ အထက်ပိုင်းမှာတော့ တခြားရွာတစ်ရွာက အဲဒီအစဉ်အတိုင်း လုပ်ကြပြန်ရော။ ဟိုးအပေါ်ဆုံးမှာ တောင်တွေပေါ်ကနေ အရှိန်ပြင်းနဲ့ စီးလာတဲ့ အဲဒီချောင်းလေးဟာ အိုဟောင်း စုတ်ပြတ်နေတဲ့ အထည်ချုပ်စက်ရဲ့ အသေးစားလေးရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်သလို နံစော်နေတဲ့ အရည်မည်းမည်းတွေ စွန့်ထုတ်ပစ်ခံရတဲ့ နေရာလည်း ဖြစ်တယ်။

မင်းရဲ့အဖေက စားဖိုမှူးတစ်ယောက် ဖြစ်ပြီးတော့ အလုပ်မှာ တော်ပေမဲ့ တောက လာတဲ့သူပီပီ သူ့အစားအစာတွေရဲ့ အရည်အသွေးနဲ့ လတ်ဆတ်မှု အပေါ်မှာ သိပ်အာရုံထားလှသူတော့ မဟုတ်ဘူး။ သူ့အတွက်တော့ ဟင်းချက်ခြင်း ဆိုတာက ဟင်းခတ်အမွှေးအကြိုင်နဲ့ ဆီကို ပေါင်းစပ်တာပဲလေ။ သူ ချက်တဲ့အစာက လျှာကိုလောင်ပြီးတော့ သွေးထဲမှာ ခဲနေမယ့် ဟာပဲ။ စားကောင်းမယ့် အသုပ်အတွက် အရွက်တွေ၊ အသီးတွေရယ်နဲ့ သေချာနယ်ပြီး၊ ဖုတ်ထားတဲ့ ပေါင်မုန့်အတွက် ဂျုံပင်တွေရယ်လို့ မြင်မနေဘူး။ သူ သိတာက ကျောရိုး ကျိုးမတတ် နင့်နေအောင် လုပ်ရတယ် ဆိုတာပဲ။ နာရီတွေ၊ နေ့တွေ၊ လတွေနဲ့ နှစ်တွေလို့ပဲ မြင်နေတယ်။ အလုပ် ဆိုတာက လယ်သမားတစ်ယောက်ဟာ သူ့ရဲ့ အချိန်တွေကို ကမ္ဘာပေါ်က အချိန်တစ်ခုအတွက် လဲနေရတာပဲလို့ သူက မြင်တယ်။ ဟောဒီ စားဖိုဆောင်ထဲက ညစာစားပွဲမှာ မင်းအဖေက သေခြင်းတရားရဲ့ အငွေ့အသက်ကို ရှူရှိုက်နေရတာ သဘာဝပဲလို့ ထင်နေတာ။

ရွာကနေ မြို့ပေါ် တက်လုပ်ကြတဲ့ အမျိုးသားတွေတိုင်းက ဂျုံရိတ်ဖို့ ပြန်လာတတ်ကြတယ်။ ဒီနှစ်မှာတော့ အချိန်မတန်ခင် မင်းအဖေက ခွင့်ယူပြီး ပြန်လာတယ်။ ဘာပဲဖြစ်ဖြစ် သူ့ညီတွေနဲ့အတူ မနက်တိုင်း နွားစာအတွက် မြက်ရိတ်ကူတယ်။ အဲဒီမှာ ဆောင့်ကြောင့်ထိုင်လို့ပေါ့။ ဒီတစ်ခါတော့ လက်ထဲမှာ တံစဉ် ကိုင်ထားပြီး ဆုပ်-ဖြတ်-လွှတ်-ရွှေ့ဆိုရင်း နေစောင်းတဲ့အထိ တလှုပ်လှုပ် လုပ်နေလိမ့်မယ်။

ကွင်းပြင်ကို ဖြတ်နေတဲ့ လမ်းလေး တစ်လမ်း ရှိပြီး မြေရှင်၊ ဒါမှမဟုတ် မြေရှင့်သားတွေက SUV ကားနဲ့ လာပြီ ဆိုရင်တော့ ကိုယ်ကို ကိုင်းပြီး ခေါင်းငုံ့ရင်း ဆလံပေးရတယ်။ ရှေးကတည်းကစလို့ ဒီဘက် ရာစုနှစ်တွေထိ မြေရှင်နဲ့ အကြည့်ချင်း ဆုံတာ အန္တရာယ်များလှတယ်။ ခုနောက်ပိုင်းမှာတော့ ကြည့်ရဲတဲ့ သူတွေ ပေါ်လာတယ်။ သူတို့က မုတ်ဆိတ်မွေး ကိုယ်စီ ရှိကြပြီး ဘုရားကျောင်းတွေဆီက

mgyoe.com

m g y o e . c o m  SAMPLE BOOK 

လခ ရနေသူတွေလေ။ လမ်းလျှောက်တာကအစ ရင်ကို ဖွင့်ပြီး ဝံ့နေတာ။ မင်းအဖေ ကတော့ အဲဒီလိုလူမျိုး မဟုတ်တဲ့အပြင် မြေရှင်တွေကို မကြိုက်တာကြောင့်ပဲ သူတို့ တွေကိုလည်း မကြိုက်ဘူး။ သူတို့က ဗိုလ်ကျပြီး ပျင်းတယ်လို့ ထင်တယ်။

နားနဲ့ မြေမှာ ကပ်အိပ်နေတာ ဆိုတော့ မင်းရဲ့ စပါးတစ်ထောက်စာ မြင့်တဲ့ အမြင်ကနေပဲ မင်းအမေက မင်းအဖေရဲ့ နောက်က လိုက်သွားတာကို မြင်ရလိမ့်မယ်။ ပြီးတော့ ကျွဲတွေကို ရေတိုက်ပြီး မနေ့က ရိတ်လာတဲ့ မြက်တွေ ကို စဉ်းလို့ အစာခွက်ထဲက ကောက်ရိုးတွေနဲ့ ရောပြီးတာနဲ့ အစာကျွေးရင်းက သံပုံးလေးထဲ တရှဲ့ရှဲ့ မြည်အောင် နို့ညှစ်တယ်။ ညှစ်ပြီးတာနဲ့ မင်းရဲ့ ညီအစ်ကို မောင်နှမတစ်သိုက်က ကျွဲကျောင်းထွက်ကြတာပဲ။ သူတို့ရဲ့ တုတ်တွေက တရှမ်းရှမ်း အသံကို မင်း ကြားလိုက်ရပြီးတော့ ထွက်သွားကြတော့တယ်။

မင်းရဲ့ အဒေါ်တွေကတော့ ရေအိုးတွေ ရွက်လို့ အဝတ်တွေ၊ ဆပ်ပြာ တွေ ယူပြီး နောက်က ထွက်သွားကြတယ်။ ဒါက သူတို့လူနေမှုဘဝရဲ့ တာဝန်ပဲ။ မင်းအမေ အတွက်တော့ သီးခြား တာဝန် ရှိတယ်။ သူက တစ်ယောက်တည်း၊ သူတို့တစ်တွေမှာ အတူတကွ နေရတယ် ဆိုတာ တိုက်ဆိုင်တာ မဟုတ်ဘူး။ သူက မင်းအဖေလိုပဲ ငုတ်တုတ်ထိုင်လိုက်ပေမဲ့ ကိုင်ထားရတာ တံစဉ် မဟုတ်ဘူး။ လက်ကိုင် မပါတဲ့ တံမြက်စည်းနဲ့ လှည်း–လှည်း–ရွှေ့ လုပ်နေရတာ။ ငုတ်တုတ် ထိုင်တာက လူ ပိုပြီး သက်သောင့်သက်သာ ဖြစ်တော့ အလုပ်တွင်သလို ခါးလည်း မနာဘူး။ ဒါပေမဲ့လည်း နာရီပေါင်း၊ နေ့ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း များစွာ လုပ် နေရပြီ ဆိုရင်တော့ မြေတိုက်ခန်းထဲ နှိပ်စက်ခံရလို့ ညည်းတွားသံတွေကိုပဲ စိတ် ထဲမှာ ကြားယောင်နေလိမ့်မယ်။ ဒါကို အသိအမှတ် မပြုကြဘူး ဆိုတော့ သူ့ခမျာ အဆုံးမရှိ ခံစားနေရတယ်။

မင်းအမေ တံမြက်စည်း လှည်းနေတာကို သူ့ယောက္ခမက စောင့်ကြည့် နေတယ်။ အရိပ်ထဲမှာ ထိုင်ရင်း သွားတွေ မရှိတာကို ဖုံးကွယ်ထားသလိုမျိုး မျက်နှာ မှာ တဘက် ပတ်ပြီးတော့ သဘောမကျတဲ့ ပုံနဲ့ ကြည့်နေတာ။ ဒီဝင်းထဲမှာတော့ မင်းအမေက အသုံးမကျသလောက် ခေါင်းမာပြီး မာနကြီးတယ်လို့ ပြောကြတယ်။ အဲဒါက ဆိုးရွားပေမဲ့လည်း အမှန်ပဲ။ မင်းအဘွားက မင်းအမေ တံမြက်စည်း လှည်းတာ တစ်နေရာ ကျန်ခဲ့တယ်လို့ လှမ်းပြောတာမှာ သွားကလည်း မရှိ တဘက် ကလည်း ကာထားတာ ဆိုတော့ တံတွေး ထွေးသလို ဖြစ်နေတယ်။

m g y o e . c o m

mgyoe.com
SAMPLE BOOK


မင်းအမေနဲ့ အဘွားမှာ အကြီးက အငယ် အိုလာမှာကို စောင့်နေပြီး အငယ်ကတော့ အကြီး သေသွားမှာကို စောင့်ရင်း အားပြိုင်နေကြတာ။ သူတို့နှစ်ယောက်လုံးပဲ တစ်နေ့တော့ ဆန္ဒပြည့်ဝမှာပါ။ ခု လောလောဆယ်မှာတော့ မင်းအဘွားက အာဏာပြလို့ရတဲ့ နေရာ ပြပြီးတော့ မင်းအမေက အင်အားပြလို့ရတဲ့နေရာ ပြတာပဲ။ ဝင်းထဲမှာ နေတဲ့ တခြားအမျိုးသမီးတွေက မင်းအမေကိုတော့ လန့်ကြတယ်။ အမျိုးသမီးတွေချည်း ရှိတဲ့ လောကမှာတော့ မင်းအမေက လက်ထဲမှာ သွေးသံ တရဲရဲနဲ့ ခေါင်းတွေပေါ် နင်းခြေတက်သွားနိုင်တဲ့ ဘုရင်မပဲ။ သူ အကောင်းဆုံး လုပ်ပြနိုင်တာကတော့ ဆိုးဆိုးရွားရွား ရန်စတာတွေကို မေ့ထားပစ်လိုက်တာပဲ။ သူ့ရွာနဲ့ အဆက်ဖြတ်ခံထားရတဲ့ သူ ဆိုတော့ အဲဒါကလည်း ပေါ့သေးသေး အောင်ပွဲတော့ မဟုတ်ဘူး။

မင်းအဖေနဲ့ အမေ ကြားမှာ မပြောဖြစ်ခဲ့ပေမဲ့ သိနေကြတာကတော့ တစ်လ တစ်သောင်း ရနေတာက မင်းအမေနဲ့ ကလေးတွေကို မြို့ပေါ် ခေါ်ထားလို့ ရလောက်တယ် ဆိုတာပဲ။ ခက်ခဲတယ် ဆိုပေမဲ့ မဖြစ်နိုင်တာတော့ မဟုတ်ဘူး။ အဲဒီတုန်းကတော့ သူက လစာရဲ့ တော်တော်များများ ပမာဏကို ရွာပြန်ပို့နိုင်ခဲ့ပြီး အဲဒါကိုမှ မင်းအမေနဲ့ တခြားအမျိုးတွေက မျှသုံးကြရတယ်။ တကယ်လို့ မင်းအမေနဲ့ ကလေးတွေသာ သူနဲ့ လိုက်နေမယ်ဆိုရင် ပွဲတော်ချိန်တွေမှာ အပိုဆုကြေးလေး ရမှပဲ ရေတစ်ပေါက်စာလောက် ပိုလျှံလာသလို အိမ်ကို ပြန်ပို့နိုင်တော့မယ်။ အကြွေးဆပ်စရာတွေ ရှိမနေလောက်ဘူး လို့တော့ ထင်တာပဲ။

မင်းအမေက မုန်လာဥဖြူကို လှီးပြီး ပြုတ်နေတာ မင်း ကြည့်နေလိမ့်မယ်။ နေလာ နှင်းပျောက် ဆိုတော့ နေမကောင်းသေးတဲ့ မင်းတောင် မအေးနေတော့ဘူး။ ဒါပေမဲ့လည်း မင်းက အားနည်းနေသေးပြီး ကပ်ပါးကောင်တွေက အရှင်လတ်လတ် ကိုက်စားနေသလိုပဲ အူတွေထဲမှာ နာနေတယ်။ မင်းအမေက ခေါင်းကို အသာမ,ပြီး ဆေးတိုက်တဲ့ အချိန်မှာ မင်း မငြင်းနိုင်ဘူး။ ဆေးက အီးပေါက်တဲ့ အနံ့လိုပဲ ဆိုတော့ ပျို့တက်လာပေမဲ့လည်း အန်စရာ မရှိတော့ မအန်ဖြစ်လိုက်ဘူး။

မလှုပ်နိုင် မရှားနိုင်နဲ့ အသားတွေ ဝါပြီး မုန်လာဥရည်တွေ ပါးစပ်ထောင့်ကနေ မြေပေါ် စီးကျနေရှာတဲ့ ကလေးလေးက မတရားကို ချမ်းသာလာမယ့်

mgyoe.com

m g y e e . c o m  SAMPLE BOOK 

ဆိုတာ မဖြစ်နိုင်ဘူးလို့ပဲ ထင်ရတာပေါ့။ ဒါပေမဲ့ ယုံကြည်မှုရှိဖို့ လိုတယ်။ မင်းက မြင်နေရသလောက်တော့ စွမ်းအားမဲ့တာ မဟုတ်ဘူး။ မင်းရဲ့ အချိန်တွေ ရောက်လာတော့မှာပါ။ ဒီစာအုပ်က မင်းကို ရွေးချယ်မှုတွေ ပေးလိမ့်မယ်။

ဆုံးဖြတ်ချက် ချရတော့မဲ့ အချိန်က နီးလာပြီ။ နေဝင်တာနဲ့ မင်းအမေက ပုခက်လေးထဲ မင်းကို ပြန်ထည့်ပေးလိုက်ပြီး ရာသီ ပူနေသေးပေမဲ့ စောင်ခြုံပေးလိုက်တယ်။ ယောကျ်ားတွေ လယ်ကွင်းက ပြန်ရောက်တော့ မင်းက လွဲပြီး မိသားတစ်စုလုံး အိမ်ပြင်မှာ ထမင်းစားကြတယ်။ မီးခိုးထုတ် ပြောင်းထဲက ရေသံနဲ့အတူ မင်း ဦးလေးတစ်ယောက် ရှိုက်လိုက်လို့ ပြောင်းမှာ တပ်ထားတဲ့ ဆေးအိုးက မီးနီသွားတာကို တံခါးပေါက်ကနေပြီးတော့ မင်း ကြားနေ၊ မြင်နေရလိမ့်မယ်။

မင်း မိဘတွေကတော့ မင်းကို ရပ်ကြည့်နေကြတယ်။ မင်းအဖေက မနက်ဖြန် မြို့ကို ပြန်တော့မှာ။ သူ စဉ်းစားနေတယ်။

"မင်း နေကောင်းလာမှာလား" လို့ မင်းကို မေးတယ်။

ဒါက ခုတစ်ခေါက် ပြန်လာတာမှာ ပထမဆုံး မင်းကို စကားပြောတာ ဖြစ်သလို လပေါင်းများစွာမှာပါ မင်းကို ပထမဆုံး တည့်တည့် ပြောဖူးတာပဲ။ မင်းက နာကျင်ပြီး ကြောက်လန့်နေတာ ဆိုတော့ မကောင်းဘူးလို့ ဖြေလိုက်ချင်တယ်။

ဒါပေမဲ့ ကောင်းပါတယ်လို့ မင်း ပြောလိုက်တယ်။

ပြီးတော့ မင်းရဲ့ ကံကြမ္မာကို မင်းကိုယ်တိုင် ဖန်တီးလိုက်တာပဲ။

မင်းအဖေက မင်းအသံ တိုးတိုးကို သဘောကျပြီးတော့ "ဒီကောင်ကတော့ ခပ်မာမာ ကလေးပဲဟေ့" လို့ မင်းအမေကို လှမ်းပြောတယ်။

အမေကလည်း "သူက တအားမာတာ" လို့ ပြန်ပြောတယ်။

မင်းရဲ့ အဖြေက မင်းအဖေရဲ့ အဖြေကိုပါ ပြောင်းလဲသွားစေလားတော့ မသိဘူး။ ညကျတော့ မင်းအဖေက မင်းအမေနဲ့ ကလေးတွေကို မြို့ပေါ် ခေါ်သွားမယ်လို့ အဖြေပေးတယ်။

အဲဒီသဘောတူညီမှုအတွက် လိင်မှုရေးရာနဲ့ တံဆိပ်နှိပ်လိုက်ကြတယ်။ ရွာမှာ လိင်မှုကိစ္စ ဆိုတာက လယ်ကွင်းထဲမှာ ပြုမူကြမှသာ တခြားလူ မသိဘဲ သီးခြား ဖြစ်တာ။ အိမ်ထဲမှာတော့ ဘယ်စုံတွဲမှ အခန်းသီးသန့် မရှိကြဘူး။ မင်း

m g y e e . c o m

mgyoe.com


မိဘတွေလည်း သက်ဆိုးရှည်ရှာတဲ့ ကလေးသုံးယောက်နဲ့ အတူတူ နေရတာပဲ။ ဒါပေမဲ့လည်း မှောင်နေတော့ သိပ်မမြင်ရပါဘူး။ ပြီးတော့လည်း မင်းမိဘတွေက အဝတ်အစားက အပြည့်အစုံနီးပါးနဲ့ပဲ။ သူတို့ဘဝမှာ လိင်မှုကိစ္စလုပ်ဖို့ တုံးလုံး ချွတ်တယ် ဆိုတာ မရှိဖူးဘူး။

မင်းအဖေက ဒူးထောက်ထိုင်ပြီး သူ့ဘောင်းဘီပွကြီးရဲ့ ကြိုးကို ဖြေချ လိုက်တယ်။ ကြမ်းပေါ်မှာ မှောက်နေတဲ့ မင်းအမေကလည်း ခါးကို ကြွပြီး ချွတ် လိုက်တယ်။ ပြီးတာနဲ့ မင်းအဖေကို လှမ်းဆွဲလိုက်ပုံကတော့ မနက်တုန်းက ကျွဲကို နို့ညှစ်ပေးသလောက် မကြမ်းပေမဲ့လည်း အမိအရပဲ။ နောက် လေးဖက်ထောက် လိုက်တယ်။ မင်းအဖေက လက်တစ်ဖက်ကို ထောက်ထားပြီး နောက်တစ်ဖက် ကတော့ မင်းအမေရဲ့ ရင်သားတွေကို ကစားပေးလိုက်၊ အားယူပြီး ဆွဲလိုက်နဲ့ ဆက်ဆံကြတော့တယ်။ အသံမထွက်အောင် လုပ်ကြပေမဲ့လည်း ကြွက်သားတွေ ရဲ့ လှုပ်ရှားသံ၊ အသားချင်းထိတဲ့ အသံ၊ အသက်ရှူသံ ပြင်းပြင်းတွေနဲ့ တဖျပ်ဖျပ် အသံတွေကိုတော့ ကြားနေရတယ်။ မင်းတို့ ညီအစ်ကို မောင်နှမ တစ်စုကတော့ သူတို့ မပြီးမချင်း အိပ်ပျော်ရင် ပျော်၊ မပျော်ရင်လည်း အိပ်ချင်ယောင် ဆောင်နေ ကြရောပဲ။ ပြီးရင်တော့ မောမောနဲ့ မင်းအမေရဲ့ အိပ်ရာမှာ ဝင်အိပ်ကြပြီးတော့ အိပ်မက်ထဲမကြာခင်ပဲရောက်သွားကြရောပေါ့။ မင်းအမေဆို ဟောက်တောင်နေ ရော။

နောက်တစ်လလောက် ကြာတော့ မင်းလည်း နေကောင်းသွားပြီ ဖြစ် လို့ ဘတ်စ်ကား ခေါင်မိုးပေါ်မှာ မင်း အစ်ကို၊ အစ်မတွေရယ်၊ တခြား လူသုံးဆယ် လောက်ရယ်နဲ့ မဆုံမပြဲကြီး မြို့ပေါ် ပါသွားတယ်။ လမ်းပေါ်မှာ တရကြမ်း မောင်း သွားတဲ့အပြင် တခြားကားတွေနဲ့လည်း ခရီးသည်ရအောင် အပြိုင် မောင်းကြတာ ဆိုတော့ သေသွားနိုင်ခြေနဲ့ ကျိုးပြတ်ထွက်သွားနိုင်ခြေ အတော် မြင့်တယ်။ ဒီလိုမျိုးက အားတိုင်း မဖြစ်ပေမဲ့ တိုက်မိခိုက်မိ အကြိမ်ရေလည်း မနည်းဘူး။ ပြောရရင်တော့ အဲဒီနေ့က မင်း ကံကောင်းသွားပါတယ်။

အိတ်ကို ချည်ထားတဲ့ ကြိုးကို ကိုင်ထားရင်းက အချိန်တိုလေးအတွင်း မှာ ပြောင်းလဲသွားမှုတွေကို မင်း မြင်ရလိမ့်မယ်။ တောင်ပေါ် တက်သွားလို့ လေဖိအား အပြောင်းအလဲဖြစ်ပြီး အပူပိုင်းကနေ အအေးပိုင်းထဲ ချက်ချင်း

mgyoe.com

m g y e e . c o m  SAMPLE BOOK 

ရောက်သွားသလိုမျိုးပဲ နှစ်နာရီ၊ သုံးနာရီလောက်နဲ့တင် နှစ်သန်းပေါင်းများစွာ ကွာဟတယ် ထင်ရတဲ့ တောပိုင်းခေါင်ခေါင်ကနေ မြို့ကို ရောက်သွားရော။

မီးခိုးတလုံးလုံးနဲ့ ကားပေါ်ကနေပြီးတော့ အဲဒီပြောင်းလဲမှုကို မင်း တအံ့တဩ မြင်လိုက်ရလိမ့်မယ်။ ဖုန်တလုံးလုံးလမ်းကနေ လမ်းကောင်းပေါ်ကို ရောက်သွားပြီးတော့ လမ်းပေါ်က ချိုင့်တွေလည်းတဖြည်းဖြည်း နည်းလာရာကနေ ပျောက်သွားတယ်။ အသေခံပြီး စွတ်မောင်းလာတဲ့ ကားတွေကို ရှောင်နေရတာကနေ နှစ်လမ်းမောင်း ဖြစ်သွားတယ်။ လျှပ်စစ်မီးကလည်း ပထမတော့ မီးအားပြင်းတိုင်ကြီးတွေ၊ နောက် ဘတ်စ်ကားအမြင့်လောက်ပဲ ရှိတဲ့ ကြိုးတွေ၊ နောက်ဆုံးတော့ လမ်းမီးတွေ၊ ဆိုင်းဘုတ်တွေနဲ့ ခန့်ညားလွန်းတဲ့ ကြော်ငြာဘုတ်ကြီးတွေ အဖြစ် ပေါ်လာတယ်။ အဆောက်အအုံတွေကလည်း ရွှံ့ကနေ အုတ်၊ နောက် ကွန်ကရစ်နဲ့ ဖြစ်လာပြီးတော့ လေးငါးထပ်ထိအောင် မြင့်လာကြတယ်။

တစ်ခုခုကို မြင်လိုက်တိုင်း မင်း သွားမယ့် နေရာကို ရောက်ပြီ၊ ဒီထက်ပိုကောင်းတာ မရှိနိုင်တော့ဘူးလို့ ထင်နေပေမဲ့ လွဲပြီးရင်းသာ လွဲနေတော့တာပဲ။ နောက်ဆုံးမှာတော့ မဆုံးနိုင်တဲ့ မိုးစက်တွေကို ထိုင်ကြည့်နေသလို ဘာကိုမှ မတွေးတော့ဘဲ ငေးမော လိုက်လာနေရတော့တယ်။ နောက်တော့ ကားက ရပ်သွားပြီး မင်းတို့ ဆင်းဖို့ နေရာ ရောက်တယ်။

မင်းတို့မိသားစုတွေ ကားပေါ်က ဆင်းလိုက်တဲ့ အချိန်မှာတော့ မင်းဘဝရဲ့ အပြောင်းအလဲကြီး တစ်ခုက စလာပြီ။ အရင်တုန်းက မရေမတွက်နိုင်တဲ့ အမျိုးအဆွေတွေ ကြားထဲ ရှိနေရာကနေပြီး ခုတော့ မင်းတို့ငါးယောက်ပဲ ရှိတော့တယ်။ ငါးယောက်ပဲ။ လက်တစ်ဖက်စာ၊ ခြေတစ်ဖက်စာပဲ။ ငါးအုပ်၊ ငှက်အုပ်တွေလို အမျိုးအုပ်စုနဲ့ ယှဉ်လိုက်ရင် ပိစိကွေးလေးပဲ။ မိသားစုတွေရဲ့ ပြောင်းလဲလာမှု သမိုင်းကြောင်းမှာ ဆိုရင် မင်းနဲ့ မင်းလိုမျိုး ရွှေ့ပြောင်းမိသားစုတွေဟာ အဏုမြူခေတ် ရောက်တယ် ဆိုရမှာပဲ။ တစ်ယောက်နဲ့တစ်ယောက် ဖေးမကြ၊ ကာကွယ်ကြနဲ့ ဆွေစဉ်မျိုးဆက် ခိုင်မြဲတဲ့ ကြိုးတွေက လျော့ရဲ ပျောက်ဆုံးတော့မယ်။ မလုံခြုံမှု၊ စိုးရိမ်မှု၊ ထုတ်လုပ်နိုင်စွမ်းနဲ့ အလားအလာကောင်းတွေက နေရာယူလာကြတော့တယ်။

မြို့ပြကို ပြောင်းတာက အာရှတစ်ဝန်းမှာတော့ ပိုးစိုးပက်စက် ချမ်းသာလာဖို့အတွက် ပထမအဆင့်ပဲ။ ခု မင်း လုပ်နိုင်လိုက်ပြီလေ။ ဂုဏ်ယူပါတယ်။

m g y e e . c o m

mgyoe.com


မင်းအစ်မက မင်းကို လှည့်ကြည့်တယ်။ သူ့ ဘယ်ဘက်လက်က ခေါင်းပေါ်မှာ ရှိတဲ့ အဝတ်နဲ့ စုံစီနဖာအထုပ်ကြီးကို ထိန်းထားပြီး ညာဘက်လက်ကတော့ မင်းအဖေ မမွေးခင်လောက်ကတည်းက တစ်ယောက်ယောက် လွှင့်ပစ်ထားပုံ ရတဲ့ အဝတ်အိတ်ကြီးကို ကိုင်ထားတယ်။ သူက ပြုံးပြတော့ မင်းလည်း ပြန်ပြုံးပြ လိုက်တယ်။ သူစိမ်း ကမ္ဘာလောကကြီး အလယ်မှာ ရင်းနှီးနေသေးတဲ့ မျက်နှာ လေးတွေပေါ့။ မင်း ထင်တာက မင်းကို စိတ်ချပါလို့ ပြောတဲ့ သဘောပေါ့။ သူ့ အတွက်လည်း ပြန်ပြီး နှစ်သိမ့်ပေးတာကို လိုနေလို့ ဆိုတာ သိနိုင်ဖို့အတွက် မင်းက သိပ်ငယ်သေးတယ်လေ။ တကယ်တော့ သူက နှစ်သိမ့်မှုပေးတာထက် သူ့ကို နှစ်သိမ့်မှုပေးတာကို လိုချင်တာ။ ဒါပေမဲ့လည်း ခုမှ နေကောင်းစ ကောင်လေး တစ်ယောက်ကတော့ ပေးနိုင်စွမ်း မရှိဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

## ( ၂ ) ပညာသင်

စာအုပ် တော်တော်များများက တက်ကျမ်းစာရင်းထဲ ဝင်နေတာတော့ မှတ်သားစရာပဲ။ ဥပမာပြောရရင် တကယ့်ချီးကျူးခံ သောက်ရမ်း ပျင်းစရာကောင်းတဲ့ နိုင်ငံခြားဝတ္ထုကို ပျင်းတွဲတွဲ ကဗျာစာသားတွေနဲ့ ရှက်စရာ ကောင်းတဲ့ ဟိတ်ဟန် သုံးထားတာတွေကိုပါ သည်းခံရင်း တစ်ရွက်ပြီး တစ်ရွက် ကြိုးကြိုးစားစားနဲ့ ဖတ်နေတာက မင်းဘဝကိုပါ လာရိုက်ခတ်နေပြီ ဖြစ်တဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့်မို့လို့ပဲ။ တခြားဒေသက အကြောင်းကို နားလည်ချင်တဲ့ စေ့ဆော်မှုသာ မပါရင် လှည့်တောင် ကြည့်ဖြစ်မယ် မထင်ဘူး။ ပြောရရင် ကိုယ့်အား ကိုယ်ကိုးတဲ့ ဆန္ဒကြောင့်သာ မဟုတ်ရင် ဘာကြောင့် ဖြစ်နိုင်မှာလဲ။

ဇာတ်ကြောင်းကြောင့်၊ ဒါမှမဟုတ် ဘာသာစကား၊ ဒါမှမဟုတ် အသိဉာဏ် ရဖို့၊ ဒါမှမဟုတ် မင်း တကယ်ကို တောင့်တနေတဲ့ အရည်မရ အဖတ်မရနဲ့ လိင်အကြောင်း ခပ်ကြမ်းကြမ်းတွေ ပါတဲ့ တခြားဝတ္ထုတွေကရော ဘယ်လိုလဲ။ ဒါလည်း တက်ကျမ်းအမျိုးအစား တစ်မျိုးပါပဲ။ အနည်းဆုံးတော့ အချိန်ကုန်သွားစေတယ်လေ။ အချိန်ဆိုတာက ကိုယ့်ကိုယ်ကိုယ် ဖြစ်တည်မှု ဆိုတာကို တည်ဆောက်ထားပေးတာကိုး။ ဝတ္ထုမဟုတ်တဲ့ ဇာတ်ကြောင်းပြော စာတွေရော၊ ဇာတ်ကြောင်းမပါဘဲ ဝတ္ထုမဟုတ်တဲ့ စာတွေရော အတူတူပေါ့။

mgyoe.com

ပြောရရင်တော့ ရှိရှိသမျှ စာအုပ်တိုင်းက စာဖတ်သူကို ကိုယ့်အား ကိုယ်ကိုးရေး အကြောင်း ပုံစံတစ်ခုစီနဲ့ ပေးတယ်ပဲ ဆိုနိုင်တယ်။ ဖတ်စာအုပ်တွေ ကတော့ အဲဒီအကြောင်း ပွင့်ပွင့်လင်းလင်း ဝန်ခံထားတယ်လို့ ဆိုရမယ်။ နှစ် အတော်ကြာရင် မြို့ထဲ လမ်းတွေပေါ်မှာကြက်မတွေလို မင်းလူဆွယ်နေရတာက ခုလက်ထဲမှာ ရှိနေခဲ့တဲ့ ဖတ်စာအုပ် တစ်အုပ်နဲ့လေ။

မင်းရဲ့ မြို့က ချမ်းသာတဲ့ ရပ်ကွက်တစ်ခုကို ဆင်ခြေဖုံးရပ်ကွက်တွေ ဝန်းရံထားတဲ့ ကြက်ဥပုံစံမျိုး မဟုတ်ဘူး။ လိုအပ်နေတဲ့ အလုပ်သမားတွေကို တစ်နေ့ နှစ်ကြိမ် သယ်ပို့ပေးနိုင်တဲ့ သယ်ယူပို့ဆောင်ရေး မရှိဘူး။ ပြီးတော့ တစ်ဦး တစ်ယောက်ချင်းစီရဲ့ ပိုင်ဆိုင်မှုကို သိမ်းယူနိုင်လောက်တဲ့ အုပ်ချုပ်ပုံ စနစ်လည်း ကိုလိုနီခေတ် လွန်ပြီးကတည်းက မလွှမ်းမိုးနိုင်တော့ဘူး။ အဲဒီတော့ ဆင်းရဲတဲ့သူတွေလည်း ချမ်းသာသူတွေနားမှာ နေကြတယ်။ တချို့နေရာမှာဆိုရင် ချမ်းသာတဲ့ သူတွေလည်း စက်ရုံတွေ၊ ဈေးတွေ၊ သင်္ချိုင်းတွေနဲ့ လမ်းလေးပဲ ခြားပြီး နေနေကြတာပဲ။ ဆင်းရဲတဲ့ သူတွေနဲ့ မစင်ပိုက်တွေ၊ ရထားလမ်းတွေ၊ ဒါမှမဟုတ် လမ်းကျဉ်းလေးလောက်ပဲ ခြားပြီး ရှိနေတတ်တယ်။ အဲဒီ သုံးခုလုံး က မင်းတို့ရဲ့ တြိဂံပုံ နေရာလေးမှာ ဝိုင်းနေတယ်။

မင်းတို့ နေတဲ့ နေရာနားလေးမှာတော့ ဆိုင်းဘုတ်ကြီး တပ်လို့ ထုံးတွေ သုတ်ထားတဲ့ အဆောက်အအုံကြီး တွေ့ရလိမ့်မယ်။ အဲဒါ မင်းတို့ရဲ့ ကျောင်းပဲ။ ကားတာယာတွေ ပြင်တဲ့ဆိုင်နဲ့ ဆေးလိပ်ရောင်းရငွေနဲ့ ရပ်တည်နေရတဲ့ ဆိုင် လေးရဲ့ ကြားထဲမှာပေါ့။ အသက် ၁၂ နှစ် ပြည့်ပြီး လုပ်ခရဖို့က ပိုအရေးကြီးတယ် လို့ မထင်လာခင်အထိတော့ မင်းတို့နားတစ်ဝိုက်က ကလေးတွေ ကျောင်းတက် ကြပါသေးတယ်။ အတော်များများ ဆိုပေမဲ့ အားလုံးတော့ မဟုတ်ပါဘူး။ မင်း အရွယ်လောက် ကောင်လေးတစ်ယောက်က ပေတူးနေတဲ့ အင်္ကျီနဲ့ ကားတာယာ ပြင်ဆိုင်ကနေ မင်းကို ငေးကြည့်နေတာ တွေ့ရမယ်။

မင်းတို့အခန်းမှာ ကျောင်းသား ငါးဆယ် ရှိပေမဲ့ ခုံက သုံးဆယ်ပဲ ရှိ တော့ ကျန်တဲ့သူက ကြမ်းပေါ်မှာ ထိုင်ရင် ထိုင်၊ မဟုတ်ရင် မတ်တတ်ရပ်ပဲ။ မင်းတို့ ဆရာက ပါးချောင်တွေ ကျပြီး ကွမ်းတပျစ်ပျစ် ထွေးလို့ တီဘီရောဂါ စွဲနေတဲ့ သူ။ ဒီနေ့ အလီဇယားကို သင်ပေးတယ်။ သူ သဘောကျတဲ့နည်း ဖြစ်တဲ့ အလွတ်

mgyoe.com

mgyoe.com SAMPLE BOOK


ကျက်ခိုင်းတဲ့ နည်းနဲ့ပဲ စိတ်မပါ လက်မပါ သင်နေလိမ့်မယ်။ သူ့စိတ်တွေက အသံထွက်တဲ့ ကြွက်သားနဲ့ အရိုးတွေပေါ်မှာ အာရုံ မရှိဘဲ လွင့်နေတယ်။

"ဆယ် ဆယ်လီ တစ်ရာ" လို့ ဆရာက ဆိုတော့ တစ်တန်းလုံး လိုက်ဆိုတယ်။ "ဆယ့်တစ် ဆယ့်တစ်လီ တစ်ရာနှစ်ဆယ့်တစ်" ဆိုတော့ အတန်းက လိုက်ဆိုတယ်။ "ဆယ့်နှစ် ဆယ့်နှစ်လီ တစ်ရာသုံးဆယ့်လေး" လို့ ဆရာက ဆိုတော့ မိုက်ရူးရဲတစ်ကောင်က လွဲပြီးတော့ အားလုံး လိုက်ဆိုတယ်။ သူက တော့ "လေးဆယ့်လေး" တဲ့။ အားလုံးပဲ ငြိမ်ကျသွားတယ်။ အဲဒါ မင်းရဲ့ အသံပဲ။ မင်းက မစဉ်းစားဘဲ ဆိုလိုက်တာ၊ အနည်းဆုံးတော့ ရှေ့ဆက်ပြီး ဘာတွေဖြစ်မလဲ သေချာ မစဉ်းစားဘဲနဲ့ပေါ့။ "မင်း ဘာဆိုလိုက်တာလဲ" လို့ ဆရာက မေးတော့ မင်း တွန့်ဆုတ်နေပေမဲ့လည်း ဖြစ်ပြီးမှတော့ ပြန်လှည့်မရတော့ဘူးလေ။

"လေးဆယ့်လေး"

"မင်း ဘာလို့ အဲဒီလို ဆိုတာလဲ" တဲ့။

မင်းဆရာရဲ့အသံက စိတ်ရှုပ်နေတဲ့ အသံပျော့ပျော့ပဲ။

"ဆယ့်နှစ် ဆယ့်နှစ်လီက တစ်ရာ လေးဆယ့်လေး ပါဗျ"

"မင်းက ငါ့ကို ငတုံး ထင်နေတာလား"

"မဟုတ်ပါဘူး ဆရာ။ ဆရာ ပြောလိုက်တာက တစ်ရာ သုံးဆယ့်လေးလို့ ထင်လိုက်လို့ပါ။ ကျွန်တော် မှားသွားပါတယ်ဗျ။ ဆရာ ပြောလိုက်တာ တစ်ရာ လေးဆယ့်လေးပါ။ တောင်းပန်ပါတယ်ဗျ"

တစ်တန်းလုံးကတော့ ဆရာက တစ်ရာ လေးဆယ့်လေးလို့ မပြောလိုက်တာ သိကြပါတယ်။ တစ်တန်းလုံးလည်း ဖြစ်ချင်မှ ဖြစ်မှာပါ။ တော်တော်များများက ဒီမှာ အာရုံမရဘဲ စွန်တွေ၊ သေနတ်ပစ်တာတွေဆီ ရောက်ရင် ရောက်၊ မဟုတ်ရင်လည်း နှပ်ချေးကိုလက်မနဲ့ လက်ညှိုးကြားညှပ်ပြီးလုံးနေကြတာလေ။ ဒါပေမဲ့ တချို့တော့ သိကြပါတယ်။ အားလုံး သိနေကြတာကတော့ ရှေ့ ဘာဆက်ဖြစ်မလဲနဲ့ ဘယ်လိုပုံ ဆက်ဖြစ်မလဲ ဆိုတာပဲပေါ့။ သူတို့တွေက ငါးမန်းဖြူကို လက်တစ်ကမ်းမှာ မြင်နေတဲ့ ပင်လယ်ဖျံတွေလိုပဲ ထိတ်လန့်တကြားနဲ့ ကြည့်နေကြတယ်။

မင်းတို့တွေဟာ ဆရာ့ရဲ့ အပြစ်ပေးတာကို တစ်နည်းနည်းနဲ့ ခံခဲ့ကြရပြီးပြီလေ။ မင်းကတော့ အတော်ဆုံး ဆိုတော့ အဆိုးဆုံး ပြစ်ဒဏ်တွေထဲက တစ်ခု

mgyoe.com

mgyoe.com

SAMPLE BOOK


တော့ ရမှာပေါ့။ မင်း သီတာကို ဖုံးထားဖို့ ကြိုးစားပေမဲ့လည်း သူ့ရဲ့ကောင်းလေးဟာ တစ်ခါတစ်ခါမှာ မင်း သီတာ၊ တတ်တာတွေကို ပြမိသွားတော့ ငရဲနဲ့ တွေ့ရတော့တာပေါ့။ ဒီနေ့တော့ မင်းဆရာက သဲတရှုပ်ရှုပ်နဲ့ အင်္ကျီ အိတ်ကပ်ထဲက လက်ကို ထုတ်ပြီးတော့ မင်းနားရွက်ကို ညှစ်လိုက်တယ်။ အားနဲ့ ညှစ်လို့တင်မက သဲတွေပါ ပါနေတော့ သွေးပါ ထွက်လာတယ်။ မင်းက မငိုဘဲ တင်းခံနေတော့ နှိပ်စက်တဲ့ သူက အားမရနိုင်ဘဲနဲ့ ပြစ်ဒဏ်က တော်တော်လေး ကြာသွားတယ်။

မင်းရဲ့ ဆရာက ကျောင်းဆရာ ဖြစ်ချင်တဲ့သူ မဟုတ်ဘဲ မီတာဖတ်တဲ့ စာရေးပဲ ဖြစ်ချင်တာ။ မီတာဖတ်တဲ့ သူက ကလေးတွေနဲ့ အလုပ်ရှုပ်စရာ မရှိသလို လုပ်ရတာကလည်း နည်းတယ်။ ပိုပြီး အရေးကြီးတာကတော့ လာဘ်ငွေ ရဖို့ အခွင့်အရေး ပိုများပြီး ဝင်ငွေကောင်းတဲ့အတွက် ရပ်ရွာကလည်း အထင်ကြီးတယ်လေ။ သူ မရနိုင်လောက်တဲ့ အနေအထားမျိုးလည်း မဟုတ်ခဲ့ဘူးလေ။ သူ့ဦးလေးကလည်း မီတာဖတ်သမားပဲ။ အဲဒီဦးလေးက လုပ်ပေးနိုင်တဲ့ မီတာဖတ်သမား တစ်နေရာကတော့ ဖြစ်နေကျအတိုင်း မင်းဆရာရဲ့ အစ်ကိုဆီပဲ ရောက်သွားတာပေါ့။

အဲဒီလိုနဲ့ အထက်တန်း မအောင်ခဲ့တဲ့ မင်းဆရာဟာ အောင်လက်မှတ် အတုလုပ်ပြီး ပညာရေးဌာနက ဝမ်းကွဲတစ်ယောက်ရဲ့ အဆက်အသွယ်နဲ့ လစာ တစ်နှစ်စာရဲ့ ၆၀% လောက်ကို လာဘ်ထိုးလို့ ဒီနေရာကို ရလာတယ်လေ။ စာသင်ဖို့ ဖြစ်လာတဲ့သူ မဟုတ်ဘူး။ စာသင်ရတာ မုန်းတောင် မုန်းတဲ့သူ။ စာသင်ရတာက သူ့ကို အရှက်ခွဲနေသလိုပဲ။ ဒါပေမဲ့လည်း အလုပ်ပြုတ်သွားမယ် ဆိုတာကို နည်းနည်းလေးတော့ ကြောက်တဲ့စိတ်၊ မပြုတ်ရင်တောင် ဒီနေရာမှာ မြဲနေဖို့ ပိုပြီး လာဘ်ထိုးရမဲ့ အနေအထားမျိုးကို ကြောက်တဲ့ စိတ်ကြောင့်သာ အဆင်မပြေပေမဲ့လည်း အလိုက်သင့် နေနေရတယ်။ လောကကြီးက မတရားဘူးလို့ စွဲမိစွဲရာ ထင်နေမိတဲ့ သူ့စိတ်က သူ့လုပ်ရပ်တိုင်းမှာ အကြမ်းဖက်မှု နည်းနည်းစီကို ဖြစ်ပေါ်လာစေတယ်။ တပည့်တစ်ယောက်ကို တစ်ချက် ရိုက်လိုက်တိုင်း ဒါဟာ ခေါင်းထူထူထဲကို ပညာတွေ စိမ့်သွင်းပေးနေတာလို့ သူ့ကိုယ်သူ ပြန်ပြောနေတယ်။

အဲဒီလိုမျိုး စိမ့်သွင်းပေးတာနဲ့ ပညာရေးဆိုတဲ့ နှစ်ခုက မင်းတို့တွေဆီမှာတော့ ရောယှက်နေတဲ့ အရာတွေပဲ။ ဥပမာအားဖြင့်ဆိုရင် မင်းအစ်မပေါ့။

mgyoe.com

မင်း အိမ်ပြန်ရောက်တိုင်း သူ ငိုနေတာပဲ။ အစပိုင်း ငိုချည်းနေပေမဲ့ နောက်ပိုင်း မှာတော့ မျက်ရည်ပေါက်ပေါက် ကျတာရယ်၊ အဲဒါထက် ပိုသာတဲ့ ခပ်ငြိမ်ငြိမ် နေတဲ့ ပုံစံရယ်... ဒီနှစ်မျိုး တစ်လှည့်စီ တွေ့ရမယ်။

"ဖြစ်ပြန်ပြီလား" လို့ မင်းက ပြောတော့ "ပူစီလေး... ငါ့ဒစ်ပေါ် လာ ထိုင်စမ်း" တဲ့။

မင်း ခေါင်းခါလိုက်တယ်။ ပြောပြနိုင်ဖို့တောင် အားမရှိဘူးလေ။ ပြီး တော့လည်း သူ့ရဲ့ ဖျတ်ခနဲ လှမ်းရိုက်တတ်တာကို ရှောင်နိုင်ဖို့လည်း အားနည်း နေတယ်။

မင်း တစ်ခုခု ဖြစ်နေတာကို သူ သတိထားမိသွားပြီးတော့ "ဟဲ့... နင့် နားက ဘာဖြစ်တာလဲ" တဲ့။

"ဆရာ" လို့ မင်းက ပြောလိုက်တော့ "အဲဒီနှမယိုးလား၊ လာစမ်း" တဲ့။

မင်း သူ့ဘေး ဝင်ထိုင်တော့ သူက ဖက်ထားပြီး ခေါင်းကို ပွတ်ပေးတယ်။ မင်းက မျက်လုံးတွေကို မှိတ်ထားတယ်။ သူ တစ်ချက်တစ်ချက် ရှိုက်နေသေး ပေမဲ့ ငိုတော့ မငိုတော့ဘူး။

"နင် ကြောက်နေလား" လို့ မင်း မေးလိုက်တော့ သူက "ကြောက်ရ မယ်တဲ့လား၊ သူကသာ ငါ့ကို ကြောက်ရမှာပါ" လို့ ရယ်သွမ်းသွေးတယ်။

အဲဒီ သူ ဆိုတာက အသက် ဆယ်နှစ်လောက် ကြီးတဲ့ သူ လက်ထပ်ရ မယ့် အဖေ့ ညီဝမ်းကွဲ။ သူ့ ပထမမိန်းမက ကိုယ်ဝန် နှစ်ခါ ပျက်ကျပြီး နောက်ဆုံး ကလေးကို မွေးရင်း ဆုံးသွားတာနဲ့ အချိန်မဖြုန်းဘဲ ချက်ချင်းထပ်စီစဉ်လိုက်တာ။

"သူ့မှာ နှုတ်ခမ်းမွေးတွေကော ရှိသေးလား" လို့ မင်းက မေးလိုက်တော့ "ဘယ်သိမလဲ၊ မတွေ့ဖူးတာပဲ ဘယ်နှနှစ် ရှိနေပြီလဲ" တဲ့။

"နည်းတာ မဟုတ်ဘူးနော်၊ အဲဒီ နှုတ်ခမ်းမွေးတွေက"

"နှုတ်ခမ်းမွေးရဲ့ ပမာဏကို ကြည့်ပြီးတော့ သူတို့ ဘာတွေ ပြောကြ လဲ သိလား"

"ဘယ်လို"

"ထားလိုက်ပါဟာ"

"ဆိုတော့ နင် ကြောက်နေပြီပေါ့"

"ဘာကိုလဲ"

mgyoe.com

"မသိဘူးလေ၊ ထွက်သွားရမှာကိုပေါ့။ ငါတော့ ရွာကို ပြန်သွားရမယ် ဆိုတာကို ကြောက်တယ်"

"အဲဒါကြောင့်ပဲ နင်က ခုထိ ယောကျ်ားလေး ဖြစ်နေပြီးတော့ ငါက မိန်းမ ဖြစ်နေတာလေ"

"နင်က မိန်းကလေးပါ"

"မဟုတ်ဘူး၊ ငါက မိန်းမ ဖြစ်နေပြီ"

"မိန်းကလေး..."

"ငါ လတိုင်း သွေးဆင်းနေပြီ၊ မိန်းမ ဖြစ်နေပြီ"

"နင်က ရှုံ့စရာ ကောင်းလိုက်တာ"

"ဟုတ်မှာပေါ့၊ ဒါပေမဲ့ မိန်းမတစ်ယောက်လေ" လို့ ပြုံးပြီး ပြောတယ်။

ပြီးတော့ မင်း အံ့သြသွားစေမဲ့ အရာကို လုပ်ပြတယ်။ မင်းအစ်မလို နှုတ်ခမ်းပါးလေးနဲ့ ကလေးမလုပ်နိုင်လောက်ဘူး။ အရွယ်ရောက်ပြီးတဲ့ မိန်းမတွေမှ လုပ်နိုင်တဲ့ သီချင်းဆိုတာလေ။ ငြိမ်ပြီး အားပြည့်တဲ့ အသံနဲ့ ဆိုတယ်။ ဆိုတဲ့ သီချင်းက ရွာမှာ အမေတွေက သူတို့ကလေးတွေကို ချော့တဲ့ သီချင်း။ မင်းတို့ တစ်ယောက်ချင်းစီကို အမေက ချော့ခဲ့တဲ့ သီချင်း။ ကလေးချော့ သီချင်းပေမဲ့ ခပ်မြူးမြူးပဲ။ ကလေးကို သိပ်ဖို့ထက် သူတို့ မျက်ကွယ်ကို ရောက်နေပေမဲ့ အမေ ရှိနေတယ် ဆိုတာ အသံပေးတဲ့ သဘောမျိုး။ မင်း မကြားဖူးတာ နှစ်တွေ အတော်ကြာပြီ။ မင်းအစ်မက ဆိုလိုက်တော့ စိတ်ထဲမှာ ထူးဆန်းနေပြီး သာယာတာရော၊ ရင်ထဲ တစ်မျိုးကြီး ခံစားရတာရော တစ်ချိန်တည်းမှာ ဖြစ်လာတယ်။ သူ့ကို မှီထားလိုက်တော့ သူ့ကိုယ်က သီချင်းတေးသွားအတိုင်း နိမ့်လိုက် မြင့်လိုက် ဖြစ်နေတယ်။

သူ ဆိုလို့ ပြီးသွားတော့ မင်းက "မြစ်ထဲ သွားဆော့ရအောင်" လို့ ပြောလိုက်တယ်။

"ကောင်းပြီလေ"

ပြီးတော့ မင်းတို့နှစ်ယောက် အခန်းထဲက ထွက်လာကြတယ်။ ရွာက အခန်းလောက် မကျယ်ပေမဲ့လည်း ရှုံ့အစား အုတ်နဲ့ ဆောက်ထားတဲ့ ယိုင်နဲ့နဲ့ အဆောက်အအုံကျဉ်းလေးရဲ့ အပေါ်ဆုံး တတိယထပ်မှာ။ လှေကားအတိုင်း ပြေးဆင်းသွားလိုက်ရင် ဘယ်ကိုမှ မရောက်ဘဲ သုံးဖက်သုံးတန်မှာ အဆောက်အအုံ

mgyoe.com

m g y o e . c o m SAMPLE BOOK

တွေ ဝိုင်းနေတဲ့ လမ်းကျဉ်းလေးဆီ ရောက်သွားတယ်။ အမှိုက်ပုံကြီးလည်း ရှိတယ်။ အဲဒီနောက်မှာတော့ အဖုံးမပါတဲ့ အိမ်သာပိုက်လိုင်းတွေ။

ငြိုဟ်တုကနေများ လှမ်းကြည့်နေမယ် ဆိုရင် ကလေးနှစ်ယောက် ထူးထူးဆန်းဆန်း လုပ်နေတဲ့ ပုံတွေ မြင်ရမှာပဲ။ မစင်တွေ မျှောနေတာနဲ့ မတူဘဲ ရေတွေ စီးနေတဲ့ ပုံမျိုး လုပ်နေတယ်လို့ မြင်ကြလိမ့်မယ်။ တိမ်တိမ်လေး နဲ့ အသာလေး ခုန်ကူးရင်တောင် ရပေမဲ့ ကလေးတွေက လက်နဲ့ အော်လံ လုပ်ပြီး အဝေးကြီးကို အော်နေသလိုမျိုးလည်း လုပ်ကြသေးတယ်။ တစ်ယောက်က စက်ဘီးစပုတ်တံ အဟောင်းကို ယူပြီးတော့ ကြိုးမပါ ငါးစာ မပါဘဲနဲ့ မိမှာမဟုတ်တဲ့ ငါးမျှားပုံမျိုး လုပ်နေတယ်။ နောက်တစ်ယောက်ကတော့ ကတ်ထူပုံးညိုအစုတ် ရှည်မျော်မျော်နဲ့ မစင်တွေဘက်ကို ဓားနဲ့ထိုးသလိုမျိုး ထိုးထိုးနေတယ်။ ထွင်းဖောက်မြင်ရတဲ့ လိပ်တွေကို လှံနဲ့ ထိုးနေတာလား။ မမြင်ရတဲ့ မိချောင်းတွေကိုများ တားဆီးနေတာလား။ သူ့ရဲ့ ကြမ်းကြမ်းတမ်းတမ်း လုပ်နေပုံက ဘာကြောင့်လဲ ပြောဖို့တော့ ခက်လိမ့်မယ်။ ကောင်မလေးက ရုတ်တရက် ထိုင်ချလိုက်ပြီး မီးမွှေးသလို လုပ်နေတယ်။ ကောင်လေးက လှမ်းခေါ်တော့ သူ့ဆာရီ တစ်ဖက်စွန်းကို ပစ်ပေးလိုက်တယ်။

မင်းက ဆာရီကို ကြိုးလို သဘောထားပြီးတော့ ခပ်တင်းတင်း ဆုပ်ကိုင်ရင်း မြစ်ကို ဖြတ်ကူးဖို့ သုံးတယ်။ ဒါပေမဲ့ အဲဒီလို မလုပ်လိုက်နိုင်ခင်မှာဘဲ ဂါထာက အစွမ်းပြသွားတယ်။ မင်းအစ်မ ကြည့်နေတဲ့ဆီကို လိုက်ကြည့်တော့ ပိတ်ထားတဲ့ ပြတင်းပေါက်က ပွင့်နေပြီ။ အရပ်ရှည်ရှည် ထိပ်ပြောင်ပြောင်နဲ့ လူက အထဲကနေ မင်းအစ်မကို ပြူးပြဲကြည့်နေတယ်။ မင်းအစ်မက ဆာရီကို ပြန်ယူပြီး တစ်ဖက်အစကို ခေါင်းမှာ ပေါင်းလို့ နောက်တစ်ဖက်ကိုတော့ သူ့ရင်သား သေးသေးလေးနဲ့ ရင်ဘတ်ကို သိုင်းခြုံလိုက်တယ်။

"အိမ်ပြန်ကြရအောင်" တဲ့။

မင်းတို့မိသားစုတွေ မြို့ကို ပြောင်းလာကြကတည်းက ငွေကြေး မတရား ဖောင်းပွနေတာကို မင်းအဖေ လခနဲ့ မကာမိတော့ မင်းအစ်မက သန့်ရှင်းရေး အလုပ်သမားအနေနဲ့ လုပ်တယ်။ မင်းတို့ သက်ဆိုးရှည်မောင်နှမ သုံးယောက်ရဲ့ အလတ်ကောင် မင်းအစ်ကိုသာ အလုပ်လုပ်နိုင်တဲ့ အရွယ် ရောက်လာရင်တော့ မင်းအစ်မ ကျောင်းပြန်တက်ရမယ်လို့ ပြောထားတယ်။ သူက မင်းအစ်ကိုထက်

m g y o e . c o m

mgyoe.com  SAMPLE BOOK 

ကျောင်းတက်ချင်တဲ့စိတ် ပိုပြင်းတယ်။ ခုတော့ မင်းအစ်ကိုက ဆေးသုတ်သမား ရဲ့ အကူအနေနဲ့ ဝင်လုပ်နေပေမဲ့ မင်းအစ်မကတော့ ကျောင်းပြန်မတက်ရတော့ ဘူး။ သူ့အချိန်က ကုန်သွားပြီ၊ သူ့အနာဂတ်က လက်ထပ်ဖို့ပဲ၊ သူ့အတွက် သတ်မှတ် ပြီးသွားပြီ။

မင်းတို့နှစ်ယောက် ပြန်လာတော့ မင်းအစ်ကိုက အခန်းထဲမှာ ထိုင်နေ တယ်။ မောနေတဲ့ ပုံပဲ။ လက်တွေနဲ့ မျက်နှာမှာလည်း ဆေးတွေ ပေနေတယ်။ ဆံပင်တွေမှာလည်း ပေနေတော့ ကျောင်းကပွဲမှာ လူလတ်ပိုင်းအရွယ်အဖြစ် သရုပ်ဆောင်ဖို့ မိတ်ကပ်လိမ်းထားတဲ့ ကောင်လေးနဲ့ တူနေတယ်။ သူက နွမ်းနယ် နေတဲ့ ပုံနဲ့ မင်းတို့ကို ကြည့်ပြီးတော့ ချောင်းဆိုးတယ်။

မင်းအစ်မက "ငါပြောသားပဲ၊ ဆေးလိပ်မသောက်ပါနဲ့လို့" လို့ ပြော တယ်။

"ငါ မသောက်ပါဘူး" ဆိုတော့ နှာခေါင်းရှုံ့ပြီးတော့ "နင် သောက်ထား ပါတယ်" တဲ့။

"ငါ့ဆရာ သောက်တာပါ၊ တစ်နေ့လုံး သူ့ဘေးမှာ နေနေရတာလေ"

အမှန်ကတော့ မင်းအစ်ကိုဟာ မကြာခဏ ဆေးလိပ် သောက်တတ်ပေမဲ့ ဒီတစ်ပတ်တော့ သူ မသောက်ချင်လို့ မသောက်ဖြစ်ဘူး။ ပြီးတော့ ချောင်းဆိုးတာ ကလည်း ဆေးလိပ်သောက်လို့ မဟုတ်ဘူး။ သုတ်ဆေးတွေ ရှူနေရလို့လေ။

မနက်တိုင်းပဲ ရထားသံလမ်း အကာက ပွင့်နေရင် ရထားလမ်းပေါ်က ဖြတ်လျှောက်သွားတယ်။ မဟုတ်ရင်လည်း ရထားက နှေးနှေးလေးသွားနေတဲ့အခါ ကစားသလို ရထားရှေ့က ဖြတ်ပြေးသွားလိုက်တယ်။ ပြီးတော့ နှစ်ရာချီကြာနေ ပြီ ဖြစ်ပေမဲ့ ခေတ်သစ်လည်း မကျ၊ ရှေးဟောင်းလည်း မကတဲ့ ဥရောပပုံစံ စီးပွား ရေးဇုန်ကို ဘတ်စ်ကားနဲ့ သွားတယ်။ အဲဒီမှာမှ လက်ဖက်ရည်ဆိုင်ကို ဖြတ်ပြီး အရင်တုန်းကတော့ အများပိုင်နေရာ ဖြစ်ခဲ့ပေမဲ့ ခုတော့ ကျူးကျော်အိမ်တွေ ကြောင့် တစ်ဖက်ပိတ် ဖြစ်သွားတဲ့ ခြံဝင်းလေးထဲကို ဝင်သွားတယ်။

ခြံဝင်းကတော့ အသုံးချမှုမျိုးစုံ ပေါင်းစုံရာပဲ ခေါ်မလား၊ တစ်ခုခု သုံးဖို့ ရည်ရွယ်ချက် ထူးထူးထွေထွေ မရှိဘဲ ဒီအတိုင်း လုပ်ချင်ရာ လုပ် ဆိုပြီး ထားတဲ့ နေရာမျိုးပဲ။ သူ့ထဲက အဆောက်အအုံတွေရဲ့ အပေါ်ထပ်မှာတော့ အဲဒီမှာ နေထိုင် ကြတဲ့ သူတွေ၊ တည်းခိုခန်းတွေ၊ စက်ချုပ်ဆိုင်လို၊ အလှပြင်ဆိုင်လို ဆိုင်ခန်းလေး တွေနဲ့ ရုံးခန်းလေးတွေ ရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် မတည့်တဲ့ အလွတ်

mgyoe.com

mgyoe.com SAMPLE BOOK

စုံထောက် နှစ်ယောက်လည်း မျက်နှာချင်းဆိုင် နေထိုင်ကြတယ်။ မြေညီထပ် မျက်နှာစာဘက်မှာ ဆိုင်ခန်းတွေနဲ့ ခပ်ညံ့ညံ့ စားသောက်ဆိုင်တွေ ရှိတယ်။ နောက်ဖက် ခြံစည်းရိုးဘက်ခြမ်းမှာ အသံ၊ အနံ့နဲ့ အမြင်ဆိုးရွားတဲ့ ဓာတုအညစ်အကြေးတွေနဲ့ အသေးစား ထုတ်လုပ်ရေးလုပ်ငန်းတွေ ရှိတယ်။ ဒါကို ခြံစည်းရိုးကပဲ အကာအကွယ် လုပ်ပေးထားရတယ်။

မင်းအစ်ကို အလုပ်လုပ်တဲ့ ဆေးဆရာက ဂန်းနဲ့ မှုတ်တဲ့ သူ။ ဒီနေ့တော့ နာမည်ကြီးတစ်ယောက်ရဲ့ အတွင်းခန်း ပြင်ဆင်မှုအတွက် အလုပ်ရထားတယ်။ မင်းအစ်ကိုက အော်ဒါမှာလုပ်ထားတဲ့ ဆေးမသုတ်ရသေးတဲ့ စာအုပ်စင်ကို ကားသေးလေးပေါ်က ချလိုက်တယ်။ လေးလွန်းလို့ ဖြည်းဖြည်းချင်း သတိကြီးကြီးနဲ့ သယ်လာပြီး လက်ဖက်ရည်ဆိုင်ကို ဖြတ်လို့ ဝင်းထဲက ဆေးဆရာရဲ့ အခန်းထဲ မ,သွားတယ်။ တခြား ဆေးသုတ်ပြီးသားတွေကို ဆေးမပေအောင်လို့ ပလတ်စတစ်စ တစ်စကို ပေါက်ပြဲနေတဲ့ မျက်နှာကြက်မှာ တိပ်နဲ့ ကပ်တယ်။ စာအုပ်စင်မှာ ပါတဲ့ မီးလုံးတွေနဲ့ သတ္တုမီးခလုတ်တွေကို သတင်းစာ စက္ကူနဲ့ ကာပြီး တိပ်နဲ့ ကပ်တယ်။ ဆေးဘူးတွေကို သူ့ဆရာ ခိုင်းတဲ့အတိုင်း မ,လာပြီးတော့ အရောင်စပ်တယ်။ ဆေးမှုတ်ဂန်းအတွက် မီးကြိုးခွေကို အနားမှာ ယူထားလိုက်ပြီးတော့ ဆေးဆရာရဲ့ နောက်မှာ ရပ်နေလိုက်တယ်။ လေမဝင်လို့ ငရဲခန်းလို ပူနေတဲ့ အခန်းထဲမှာ ဆေးဆရာက စာအုပ်စင်ရဲ့ သစ်သားတွေတစ်လျှောက် တစ်ကြောင်းပြီး တစ်ကြောင်း မှုတ်တယ်။ စက်ရုံတွေက စက်ရုပ်တွေလိုပဲ။ ဒါပေမဲ့ တိကျမှု နည်းပြီးတော့ ဆဲဆို ငေါက်ငမ်းနေတာက များများရယ်။ မင်းအစ်ကိုကတော့ ဆေးဆရာ အော်ငေါက်ပြီး ခိုင်းလိုက်တိုင်း ပေသွားတဲ့ နေရာကို ပြေးဆေးလိုက်၊ လှေကားကို ပြေးရွှေ့လိုက်၊ ရေတို့ ပေါင်မုန့်တို့ ပြေးယူလိုက်၊ မီးကြိုးပြတ်တွေကို တိပ်နဲ့ ပြေးကပ်လိုက် ခဏခဏ လုပ်နေရတယ်။

မင်းအစ်ကိုရဲ့ အလုပ်က အာကာသယာဉ်မှူးလိုမျိုးပဲ။ ခပ်ရိုးရိုးပြောရရင်တော့ ရေငုပ်သမားလိုမျိုး။ လေတရှူးရှူးတွေ၊ အလေးချိန် မဲ့သွားသလိုမျိုးတွေ၊ ရုတ်တရက် ခေါင်းကိုက်ပြီး အန်ချင်စရာ ဖိအားတွေရယ်နဲ့ သက်ရှိနဲ့ စက်ရုပ်ပေါင်းစုံမှုမှာ ဖြစ်လာတဲ့ အန္တရာယ်ရှိမှုတွေ အများကြီးပဲ။ ပြီးသွားရင် အာကာသယာဉ်မှူးတို့၊ ရေငုပ်သမားတို့က သူတို့ စိတ်ကူးတောင် မယဉ်ဖူးတဲ့ ကမ္ဘာသစ်ကို တွေ့ရပေမဲ့ မင်းအစ်ကိုမှာတော့ အရောင်တစ်မျိုးမျိုးနဲ့ မှုန်မှိုင်းနေတာပဲ။

mgyoe.com

သူ့အလုပ်က စိတ်ရှည် သည်းခံဖို့နဲ့ အမြဲစိုးရိမ်နေရတာကို ခံနိုင်ရည် ရှိဖို့ လိုတယ်။ မင်းအစ်ကိုမှာတော့ အဲဒါတွေ ရှိသွားပြီ။ သီအိုရီအရ မျက်မှန်တွေ၊ နှာခေါင်းစွပ်တွေ လိုပေမဲ့ လက်တွေ့မှာတော့ မင်းအစ်ကိုရော သူ့ ဆရာမှာပါ အဲဒါတွေ မရှိဘဲ ပဝါပါးလေးကိုသာ နှာခေါင်းနဲ့ ပါးစပ်မှာ ပတ်ထားကြတယ်။ အဲဒါကို ဘာသာပြန်လိုက်ရင်တော့ မင်းအစ်ကိုအနေနဲ့ ချောင်းဆိုးရောဂါ ရမယ်။ ကြာလာရင်တော့ နောက်ဆက်တွဲတွေက ပိုပြီး ဆိုးရွား ပြင်းထန်လာမှာပဲ။ ဒါပေမဲ့ လည်း အဲဒီ အကူလုပ်တာက ပိုက်ဆံရပြီးတော့ သင်ယူလိုက်ရတဲ့ ကျွမ်းကျင်မှု ကလည်း အဖိုးတန်တယ်လေ။ နောက်ဆက်တွဲ ဆိုးကျိုး ဆိုတာကတော့ အားလုံး သိကြသလို အဆုံးကျမှ ရောဂါရပြီး သေမှာ ဆိုတော့ ဒါကလည်း တစ်ချိန်ချိန်မှာ မလွဲမသွေ ကြုံရမှာပဲလေ။

မင်းအမေက ကြက်သွန်နီ နိုင်းချင်းနဲ့ ပဲနီလေးဟင်း ချက်နေတယ်။ သူက ကြက်သွန်နီ ကြိုက်လို့တော့ မဟုတ်ဘူး၊ ဟင်းရည်ထဲမှာ အဖတ်တစ်ခုခု ပါနေအောင် ထည့်တာမျိုးလေ။ ပြီးတော့ ဈေးလည်း ပေါတာကိုး။ အဲလိုဆိုလို့ မင်းက ကံကောင်းတဲ့ ကလေးမျိုးတော့ မဟုတ်နေဘူး။ ဒါပေမဲ့ မင်းကံက မဆိုး ပါဘူး။ မင်း နားရွက်မှာ ရခဲ့တဲ့ အနာက မင်းအစ်မ စိတ်ထဲ နာကျင်ရတာနဲ့ မင်း အစ်ကိုရဲ့ အရေပြားပေါ်က ဆေးတွေထက်ကို ပိုပြီး မြင်သာတဲ့ ဒဏ်ရာ ဖြစ်နေ တယ်။ ပြီးတော့ တတိယမြောက်သား ဖြစ်နေတာကလည်း ကံကောင်းတယ်လို့ ဆိုနိုင်တာပါပဲ။

ပညာသင်ကြားခွင့် ရတာက အာရှတစ်လွှားမှာချမ်းသာကြီးပွားဖို့အတွက် ခုန်ပျံ ကျော်လွှားမှုကြီးပဲ။ ဘာလျှို့ဝှက်ချက်မှ မဟုတ်ဘူး။ ဒါပေမဲ့လည်း သိသာ ထင်ရှားတယ် ဆိုတိုင်းတော့ လွယ်လွယ်နဲ့ ရနိုင်နေတာ မဟုတ်ဘူး။ ဆန္ဒတွေ၊ တောင့်တမှုတွေ၊ အားထုတ်မှုတွေ မလိုဘဲ ချမ်းသာဖို့ လမ်းပေါ် ရောက်နေတဲ့ သူတွေ ရှိသလို အခွင့်အလမ်းကြုံမှ ရမယ့် သူတွေလည်း ရှိတာပဲ။ မင်းအတွက် တော့ မင်း ဘယ်နှယောက်မြောက်သား ဖြစ်တယ် ဆိုတာကလည်း အဲဒါတွေထဲ က တစ်ခုပဲလို့ ဆိုရမယ်။ တတိယမြောက်သား ဖြစ်တဲ့အတွက် ရွာပြန်ဖို့ မလို ဘူး။ တတိယမြောက်သား ဖြစ်တဲ့အတွက် ဆေးသမားအကူ လုပ်နေစရာ မလို ဘူး။ တတိယမြောက် ဖြစ်တာကပဲ မင်းအောက်က အငယ် အရိုးပဒေသာလေးလို သစ်ပင်အောက်လေးမှာ မြှုပ်လိုက်ရတာမျိုးလည်း မဖြစ်ခဲ့ဘူး။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

မင်းတို့ စားပြီးမှပဲ မင်းအဖေ ပြန်ရောက်လာတယ်။ သူကတော့ အလုပ်ထဲမှာပဲ တခြားအစေခံတွေနဲ့အတူတူ စားခဲ့ပြီးပြီ။ မြို့ပြရဲ့ ချမ်းသာမှုတစ်ခု ဖြစ်တဲ့ တီဗွီရှေ့မှာ မင်းတို့အားလုံး ဝိုင်းထိုင်ကြတယ်။ မီးကတော့ တခြားလူတွေလိုပဲ အဆောက်အအုံရှေ့က ဖြတ်ဆွဲထားတဲ့ လိုင်းကနေ ခိုးသွယ်ထားတာ။ တီဗွီက ရှေးတုန်းကပုံစံ မျက်နှာပြင် အခုံးနဲ့ အဖြူအမည်း၊ စုတ်စုတ်ပြတ်ပြတ်ပဲ။ မျက်နှာပြင်အကျယ်ကလည်း မင်းလက်လေးနဲ့တောင် တစ်တောင် မပြည့်သလို ဖမ်းလို့ရတဲ့ လိုင်းကလည်း နည်းနည်းပဲ ရှိတယ်။ ဒါပေမဲ့လည်း အလုပ် ဖြစ်နေတယ်ဆိုတော့ မင်းတို့မိသားစုက ဂီတအစီအစဉ် တစ်ခုကို ငြိမ်ပြီး စိတ်ဝင်တစား ထိုင်ကြည့်နေကြတယ်။

ပြီးသွားလို့ စာတန်းတွေ ထိုးတော့ မင်းအမေအတွက် အဓိပ္ပာယ် မရှိတဲ့ သင်္ကေတတွေ စီတန်းထွက်လာသလိုပဲ။ မင်းအဖေနဲ့ အစ်မက တစ်ခါတလေ ဂဏန်းတချို့ သိနေပြီး မင်းအစ်ကိုကတော့ တချို့စာလုံးတွေကို သိတယ်။ မင်းတစ်ယောက်တည်းသာ အဲဒီစာတွေက အဓိပ္ပာယ်ရှိပြီးတော့ ဘယ်သူက ဘာတာဝန်လဲ ဆိုတာ နားလည်နေတယ်။

မင်းတို့ အိမ်နီးချင်းအိမ် မီးပြတ်သွားတော့ မင်းတို့ရဲ့ တစ်လုံးတည်းသော မီးကလေးလည်း မှိတ်သွားတယ်။ အိပ်ရာဝင်ကြဖို့ ဖယောင်းတိုင် ခဏ ထွန်းတယ်။ ပြီးတာနဲ့ မင်းအမေက မီးစာကို လက်နဲ့ ဖိငြိမ်းလိုက်တယ်။ အခန်းက အလင်းမရှိတော့ပေမဲ့ မြို့ပြရဲ့ အလင်းရောင်တွေ တိုးဝင်နေတော့ မှောင်နေတာမျိုး မဟုတ်ဘူး။ ငြိမ်သက်နေပေမဲ့ တိတ်ဆိတ်နေတာမျိုးလည်း မဟုတ်ဘူး။ ပြေးလမ်းတွေပေါ်မှာ အရှိန်လျှော့လိုက်တဲ့ ရထားသံကို မင်း ကြားနေရတယ်။ မင်း တအား အိပ်ချင်လာပြီ ဆိုတော့ တစ်အိပ်ရာတည်း အိပ်နေတဲ့ မင်းအစ်ကိုရဲ့ ချောင်းဆိုးသံတွေကတောင် မင်းကို တစ်ချက်လေး မနိုးစေနိုင်တော့ဘူး။

●

mgyoe.com SAMPLE BOOK

## ( ၃ ) မချစ်မိစေနဲ့

တက်ကျမ်း အများစုကတော့ ဘယ်လို ချစ်ကျွမ်းဝင်သွားမလဲ၊ ဒါမှမဟုတ် မင်းတောင့်တနေတဲ့ သူက မင်းကို ပြန်နှစ်သက်လာအောင် ဘယ်လို လုပ်မလဲ ဆိုတာတွေ အကြံပေးကြလိမ့်မယ်။ ဒီစာအုပ်ကတော့ အဲဒီလိုမျိုးတွေထဲက လုံးဝ မဟုတ်ဘူး။ အချစ်ဆိုတာက ချမ်းသာခြင်းကို နှောင့်နှေးသွားစေနိုင်တယ်။ အချစ်ကို ရှာတာနဲ့ ချမ်းသာခြင်းကို ရှာတာမှာ တချို့ဟာတွေက အတူတူလိုပဲ။ နှစ်ခုလုံးက တက်ကြွပျော်ရွှင်စေသလို သေစေနိုင်တာပဲလေ။ ဒါပေမဲ့လည်း ငွေများများနဲ့ ဘဏ်စာရင်းက လှတပတလေးတွေ မင်းကို ပြန်ချစ်လာအောင် လုပ်ပေးနိုင်ပေမဲ့ အချစ်ကတော့ အဲလို မလုပ်ပေးနိုင်ဘူး။ အချစ်က ရည်မှန်းချက်မီးလျှံ တရှိန်ရှိန်ကို ငြိမ်းသတ်လိုက်လိမ့်မယ်။ ငွေကြေးအရ အောင်မြင်မှု အချက်အချာဆီကို ရောက်နိုင်ဖို့ တက်လှမ်းမယ့် တွန်းအားကို လုယူသွားလိမ့်မယ်။

အဲဒီတော့ မင်းတို့လို ဆယ့်လေးငါးနှစ်အရွယ်တွေ ကောင်မလေး လှလှနဲ့ တွေ့သွားမှာတော့ စိုးရိမ်ရတယ်။ သူမရဲ့ အကြည့်တွေက ရေးရိုးစွဲ အမြင်နဲ့ ကြည့်ရင်တော့ လှတယ်လို့ မပြောနိုင်ဘူး။ နို့နှစ်ရောင်အသား၊ မဟူရာကေသာ၊ ရွှေရင်ထွားထွားနဲ့ လဝန်းလို မျက်နှာမျိုး မဟုတ်ဘူး။ အသားက ပုံမှန်ထက်တောင် မည်းပြီး မျက်လုံးအရောင်နဲ့ ဆံပင်အရောင်က ခပ်ဖျော့ဖျော့ ဆိုတော့

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ညိုတိုတို တစ်သားတည်း ဖြစ်နေတယ်။ မီးသွေးတွင်းထဲက ထွက်လာသလိုပဲ မှိုင်းဖျော့ဖျော့နဲ့။ ပိန်ပိန်ရှည်ရှည်နဲ့ ရင်သားကလည်း သေးတာမှ မင်းအမေ ပြောဖူးသလို ဆိုရင် ဈေးပေါပေါ သရက်သီးလေးတွေကို ဖျစ်ညှစ်ထားသလိုပဲ။

မင်းအမေကတော့ "ဒီလိုကောင်မလေးကို ချစ်ဖို့တော့ ဘယ်ကောင်လေး မျိုးမဆို ရနိုင်တယ်" လို့ ပြောတယ်။

ဟုတ်မှာပါ။ ဒါပေမဲ့လည်း မင်းတစ်ယောက်ပဲ အဲဒီကောင်မလေးကို ကြွေနေတာတော့ မဟုတ်ဘူး။ သူမ လမ်းလျှောက်ပုံက အထာကျလွန်းလို့ မင်းတို့ ရပ်ကွက်မှာတော့ ဘုန်းကြီးကျောင်းထဲ ရေကူးဝတ်စုံနဲ့ မြင်ရသလို ဖြစ်နေပြီး ဝိုင်းကြည့်တဲ့ မင်းတို့အရွယ်တွေ တစ်ပုံကြီးပဲ။ မင်းတို့ မျိုးဆက်ကိုက အဲလိုနေမှာ။ မင်းတို့အဖေတွေ ခေတ်ကလို မဟုတ်ဘဲ တီဗွီတွေ၊ ဆိုင်းဘုတ်ကြီးတွေထဲက ပုံတွေနဲ့ ပြည့်နေတဲ့ မြို့ကြီးမှာ ကြီးပြင်းကြတဲ့ သူတွေလေ။ ကလေးတွေ အများကြီး မွေးတယ် ဆိုတာက မြို့ပေါ်မှာတော့ ဒုက္ခပဲလေ။ အစားအစာ ဆိုတာကို ဝယ်စရာ မလိုဘဲ အနီးအနားက ခူးစားလို့ ရသလို၊ ဘာမှ မတတ်လည်း အလုပ်ကတော့ ရှိနေတဲ့ ကျေးလက်မှာလိုမျိုး သားသမီးကို ရတနာတွေလို့ မဆိုနိုင်ကြတော့ဘူး။ ခုကို ကျေးလက်တွေမှာတောင် ပြောင်းလဲစ ပြုနေပါပြီ။

ဘယ်လို အကြောင်းတွေကြောင့်ပဲဖြစ်ဖြစ် မင်းတို့အဖို့တော့ အဲဒီမိန်းမလှလေးကို ဝိုင်းပြီး လိုချင်တောင့်တကြ၊ မှန်းနေကြတာပဲလေ။ သူမအနေနဲ့လည်း မင်း အပေါ်မှာတော့ နည်းနည်း စိတ်ဝင်စားမှု ရှိတယ်လို့ ဆိုနိုင်တယ်။ မင်းက အရင် ကတည်းက တုတ်တုတ်ခိုင်ခိုင် ကောင်လေး ဆိုတော့ ခုလည်း မင်းရဲ့ ကြွက်သားတွေ က အထင်ကြီးလောက်စရာပဲလေ။ ဒါကလည်း ရှေ့အိမ်က ဘော်ဒီ ကစားဖူးတဲ့ လူမိုက်က သင်ထားပေးလို့မင်း နေ့တိုင်း လေ့ကျင့်နေကျ ဖြစ်တဲ့ ခုတင်ပေါ် ခြေတင်ပြီး ဒိုက်ထိုးတာတွေ၊ လှေကားမှာ ဘားတန်း ဆွဲတာတွေနဲ့ အုတ်ခဲ မ,တာတွေရဲ့ အကျိုး ကျေးဇူးပေ့ါ။ ညဘက် ဇာတ်ကားခွေတွေ လိုက်ပို့တာကြောင့်လည်း ပါမှာပေ့ါ။

မင်းတို့ရပ်ကွက်ရဲ့ ဟိုဘက်မှာ စက်ရုံတွေ ရှိပြီး အဲဒီရဲ့ အလွန်မှာတော့ စည်ကားတဲ့ မြို့ပြရဲ့ အစွန်းက ဈေးလေး ရှိတယ်။ ဈေးဆိုင်တွေရဲ့ ကြားမှာ အမှောင်ထဲ မီးမှိန်မှိန်လေး ထွန်းထားပြီး လူသုံးယောက်တောင် တစ်ပြိုင်တည်း ဝင်လို့ မရတဲ့ ဇာတ်ကားခွေဆိုင် ရှိတယ်။ နံရံနှစ်ဖက်မှာ ရုပ်ရှင်ပိုစတာတွေနဲ့ ပြည့်နေပြီးတော့ နောက်နံရံတစ်ဖက်မှာတော့ ခွေတွေ တင်တဲ့စင် ရှိတယ်။ ခွေအလွတ်ဈေးရဲ့ နှစ်ဆ

m g y o e . c o m

mgyoe.com


လောက်ပဲ ရှိတဲ့ သက်သာတဲ့ ဈေးနဲ့ ခွေအားလုံးကို အတူတူပဲ ရောင်းတယ်။ ခိုးကူး တွေလို့ မပြောဘဲ ရောင်းတာ။

ဈေးဝယ်တွေက အကြိုက် မတူကြတော့ ဆိုင်မှာ ရောင်းကောင်း လူကြိုက်များတဲ့ ခွေ တစ်ရာလောက်ပဲ ပုံမှန်ထားတယ်။ တစ်နှစ်လုံးနေမှ တစ်ခွေ၊ နှစ်ခွေလောက်ပဲ ရောင်းရနိုင်တဲ့ ခွေတွေအတွက်တော့ ဆိုင်နောက်က အခန်းလေး ထဲမှာ မြန်နှုန်းမြင့် ဖိုင်ဘာအင်တာနက်၊ ခွေကူးစက်နဲ့ ရောင်စုံမိတ္တူစက် ရှိတယ်။ ကြိုက်တဲ့ အခွေ မှာလို့ ရပြီးတော့ ဒေါင်းလုပ်ဆွဲ ကူးပြီးတာနဲ့ နောက်နေ့မှာပဲ တန်းပို့ ပေးနိုင်တယ်။

အဲဒီမှာ မင်းကို လိုလာတာပဲ။ ဆိုင်ရှင်က လိုက်ပို့ရမယ့် နေရာတွေကို ဇုန်နှစ်ခု ခွဲထားတယ်။ ပထမဇုန်က စက်ဘီးနဲ့ဆို ၁၅ မိနစ်အတွင်း ရောက်နိုင်တော့ မင်းလို ခပ်ငယ်ငယ်ကို ထားတယ်။ ဒုတိယဇုန်က အဲဒီကနေ လွန်ပြီးတော့ မြို့ထဲတွေထိ ဆိုတော့ တစ်မြို့လုံး ဆိုင်ကယ်နဲ့ ပတ်နေဖို့ ကြီးတဲ့ တစ်ယောက်ကို ထားတယ်။ မင်းက စက်ဘီးနဲ့ ဆိုတော့ ပိုပြီး အားထုတ်ရပေမဲ့လည်း ဆိုင်ကယ်ပေါ်က လူကြီးတစ်ယောက်က စက်ဘီးနဲ့ ကောင်လေးထက် အဆင့်အတန်း ပိုမြင့်တဲ့ပုံ ပေါက်နေပြီး သူ့လစာကလည်း မင်းရဲ့ နှစ်ဆလောက် ရှိတယ်။ မမျှတဘူး ဆိုနိုင်ပေမဲ့လည်း မင်းကို ခွင့်မလွှတ်တတ်တဲ့ အတိုး လာလာ တောင်းနေကျ ကြောက်စရာ အကြွေးရှင် မရှိလို့ အဆင်ပြေတယ်လေ။

မင်းအလုပ်က ည ၇ နာရီကနေ မနက် ၁ နာရီအထိ တစ်နေ့ ခြောက်နာရီ။ အားစိုက်ပြီး နင်းလိုက်၊ အရှိန်နဲ့ ကြာကြာလေး သွားလိုက်နဲ့ ဆိုတော့ မင်းအတွက် သက်လုံလည်း ကောင်း၊ အရှိန်လည်း မကျဘူး။ အဲဒီမှာ မိန်းမတွေအပါအဝင် လူအများကြီးနဲ့ မင်း တွေ့ရတော့တာပဲ။ ချမ်းသာတဲ့ အိမ်တွေက တချို့မိန်းမတွေဟာ အရုပ် အသံ ကောင်းရဲ့လား၊ ဇာတ်ကားကကော ကောင်းလား ဆိုတဲ့ မေးခွန်းတွေ မေးဖို့အတွက် ဘာမှ ဂရုမစိုက်ဘဲ မင်းနဲ့ တစ်ယောက်ချင်း တွေ့တတ်တယ်။ အဲ...တစ်ယောက်တည်း ဆိုပေမဲ့ ခြံစောင့်တွေ၊ ကားသမားတွေနဲ့ တခြားဝန်ထမ်းတွေတော့ ရှိတတ်တာပေါ့။ မင်းကလည်း တစ်ကမ္ဘာလုံးမှာ ရှိတဲ့ မင်းသား၊ မင်းသမီး နာမည်တွေကို သိနေပြီး ဘယ်ဇာတ်ကားကိုတော့ ဘယ်ဇာတ်ကားနဲ့ ယှဉ်ပြရမလဲ သိနေတယ်။ မင်း မကြည့်ဖူးသေးတဲ့ ဇာတ်ကားတွေ၊ မင်းသားတွေ၊ ဒါရိုက်တာတွေ ဆိုရင်လည်း အလုပ်ချိန်အတွင်း ဆိုင်မှာ ရှိနေတုန်း ဖွင့်ထားလို့ ကြည့်ဖြစ်သွားတာပဲ။

mgyoe.com

အဲဒီဈေးမှာပဲ ဟိုကောင်မလေး အလုပ်လုပ်တယ်။ နေ့ခင်းဆို သူမရဲ့ အဖေ အရက်သမားကို မတွေ့ရတတ်ဘူး။ သမီးနဲ့ မိန်းမကို တစ်နေကုန် ရှာခိုင်းထားလို့ ရသမျှငွေက ပြီးခဲ့တဲ့ညမှာ သူ သုံးဖြုန်းခဲ့တာတွေ ပြန်ဆပ်ရင် ဆပ်၊ မဟုတ်ရင် အဲဒီညမှာ သုံးဖြုန်းပစ်လို့ ကုန်တာပဲ။ ကောင်မလေးက အလှပြင်ဆိုင်မှာ အကူအနေနဲ့ တဘက်တွေ ယူပေး၊ ဆေးတွေ သယ်ပေး၊ လက်ဖက်ရည် ယူပေး၊ ကြမ်းပြင်က ဆံပင်တွေ လှည်း၊ ချမ်းသာတဲ့၊ ဒါမှမဟုတ် ချမ်းသာတယ်လို့အထင်ခံချင်တဲ့ အရွယ်စုံ အမျိုးသမီးဖောက်သည်တွေကို ကိုယ်တွေ၊ လက်တွေ၊ ခြေထောက်တွေကို နှိပ်ပေးပေါ့။ ကားထဲကနေပြီးတော့ မိန်းမကို စောင့်နေတဲ့ အမျိုးသားတွေဆီကိုလည်း အအေးတွေ ပို့ပေးရတယ်။

သူမရဲ့ အလုပ်ချိန်က မင်းအလုပ်ချိန် မစခင်လေးပဲ ပြီးတယ်။ နေတာကလည်း သိပ်မဝေးတဲ့ လမ်းပေါ်မှာ ဆိုတော့ နေ့တိုင်းပဲ ဖြတ်သွားဖြတ်လာတွေ့နေကြတယ်။ တစ်ခါတလေကျရင်တော့လည်း မတွေ့ရဘူး။ အဲလိုနေ့မျိုးဆိုရင် တွေ့ရမလားလို့ မင်းက အလှပြင်ဆိုင်ဘက် စက်ဘီးနဲ့ ပတ်ပြီးတော့ သွားကြည့်တတ်တယ်။ သူကတော့ ခွေဆိုင်လေးကို စိတ်ဝင်စားပုံပဲ။ နေ့တိုင်းလိုလိုပြောင်းနေတဲ့ ပိုစတာတွေနဲ့ အခွေကာဗာတွေကို စိတ်ဝင်တစား ကြည့်နေတတ်တယ်။ မင်းကို ကြည့်နေတာမျိုးတော့ မဟုတ်ပေမဲ့ မင်းနဲ့ အကြည့်ချင်း ဆုံမိရင်လည်း အကြည့် မလွှဲသွားဘူး။

တစ်ခါတလေကျတော့ လမ်းမှာလည်း မဆုံ၊ အလှပြင်ဆိုင်ကို သွားကြည့်တာတောင် မတွေ့ရတဲ့ အခါတွေလည်း ရှိတယ်။ အဲလိုဆိုရင် ဘယ်များ ရောက်နေမလဲ မင်း လျှောက်စဉ်းစားတော့တာပဲ။ ဆိုင်ပိတ်ရက်နဲ့ တွဲပြီးတော့ နားတာများ ဖြစ်နေမလားပေါ့။ ဒါကလည်း ဖြစ်လေ့ဖြစ်ထ ရှိတတ်တယ်လေ။

ဆောင်းတွင်းတစ်ည မှောင်စပြုနေတဲ့ အချိန် လမ်းမီး မထွန်းထားတဲ့ လမ်းကြားမှာ မင်းတို့နှစ်ယောက် ဆုံကြတော့ သူမက ပြောတယ်။

"နင် ရုပ်ရှင်တွေအကြောင်း အများကြီး သိလား"

မင်းက စက်ဘီးပေါ်က ဆင်းပြီးတော့ "ရုပ်ရှင်တွေနဲ့ ပတ်သက်လာရင် ငါ အားလုံး သိတယ်" လို့ ပြောလိုက်တယ်။

သူမက လမ်းလျှောက်နေရင်းကပဲ "နင် ငါ့ကို အကောင်းဆုံးကား တစ်ကား ယူပေးပါလား၊ နာမည်အကြီးဆုံး" လို့ ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"အိုကေ" ဆိုပြီး သူမနဲ့ ယှဉ်လျှောက်လိုက်ရင်းနဲ့ "ကြည့်ဖို့ ဒီဗီဒီစက် ရှိတယ် မဟုတ်လား" လို့ မေးလိုက်တယ်။

"ရှိမှာပါ၊ ငါ့နောက် မလိုက်ပါနဲ့"

မင်း ချောက်ကမ်းပါးစွန်း ရောက်သွားသလိုပဲ ချက်ချင်း တန့်သွားတယ်။

အဲဒီညမှာတော့ ဆိုင်ကနေ ဇာတ်ကားတစ်ခွေ တိတ်တိတ်လေး ခိုးခံ လိုက်ရတယ်။ နောက်နေ့ကျတော့ ခွေကို မင်းရဲ့အင်္ကျီအောက် ထည့်ပြီး ယူလာ တယ်။ ဒါပေမဲ့လည်း ကောင်မလေးကို မတွေ့ဘူး။ လမ်းမှာရော ဆိုင်မှာရော မမြင်ဘူး။ နောက်တစ်ရက်ကျမှပဲ သူမ အပြင်ထွက်ရင် တွေ့နေကျ ပုံစံအတိုင်း မင်းတို့ရပ်ကွက်က လူတွေရဲ့ထုံးစံ တဘက်ကို ခေါင်းမှာ ထုံးလျက်နဲ့ တွေ့တယ်။ တီဗွီနဲ့ ဒီဗီဒီစက် ထည့်ထားတဲ့ အိတ်ကြီး မ,လာတော့ လမ်းလျှောက်ပုံက မနိုင် မနင်းနဲ့။

"နင် ဘယ်က ရလာတာလဲ"

"လက်ဆောင်လေ၊ ငါ့ ဇာတ်ကားကော"

"ရော့"

"အိတ်ထဲ ထည့်လိုက်"

မင်းက ထည့်လိုက်ပြီးတော့ "လေးနေပုံပဲ၊ ကူသယ်ပေးရမလား" လို့ မေးလိုက်တယ်။

"ရပါတယ်၊ ပြီးတော့ နင်လဲ ငါ့လိုပါပဲ ပိန်ညှောင်"

"ငါက အားသန်ပါတယ်ဟ"

"အားမသန်ဘူးလို့ မပြောပါဘူး"

ဘာမှ ဆက်မပြောတော့ဘဲ ထွက်သွားတယ်။ ကျေးဇူးတင်ပါတယ် တောင် မပြောသွားဘူး။ မင်းကတော့ တစ်ညလုံး ကယောင်ချောက်ချားဖြစ်လို့။ ကောင်မလေးနဲ့ နှစ်ခါတောင် စကားပြောခဲ့ရတယ်လေ။ ဒါပေမဲ့လည်း သူမက နောက်ထပ် စကားပြောချင်တဲ့ ပုံတော့ မပြဘူး။ ပြီးတော့ ပိန်ညှောင်နဲ့ အားသန် ဆိုတဲ့ အကြောင်းကလည်း မင်းခေါင်းထဲမှာ တလည်လည်နဲ့ သူမရဲ့ စကားတွေ မင်းအရိုးထဲထိအောင် ရောက်သွားတယ်။

လေ့ကျင့်ခန်းတွေ လုပ်နေပေမဲ့ ခင်ဗျား ငယ်ငယ်တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံထဲကနဲ့ တူမနေတာက ဘာလို့လဲလို့ မင်း အိမ်နီးချင်း လူမိုက်ကို မေးတော့

mgyoe.com

mgyoe.com SAMPLE BOOK

သူက အစားအသောက်ကိုပဲ အပြစ်တင်ရမှာပဲတဲ့။ မင်း အသားခါတ် လုံလုံလောက်လောက် မရဘူးလေ တဲ့။

သူက တံခါးပေါင်မှာ မှီပြီးတော့ ကောင်မလေးတစ်ယောက်က လက်မောင်းမှာ လာခိုစီးနေတာကို မ,တင်လိုက်ရင်း "ပြီးတော့ မင်းက ငယ်သေးတယ်။ နောက်တစ်နှစ်၊ နှစ်နှစ်လောက်နဲ့တော့ သိပ်ထွားလာဦးမှာ မဟုတ်ဘူး။ ဒါပေမဲ့ မပူပါနဲ့၊ မင်းက မာပြီးသားပါ။ ဒီနားတင် မဟုတ်ဘူး" လို့ မင်းအင်္ကျီအောက်က လက်မောင်းတွေကို ကိုင်ရင်းနဲ့ ပြောတယ်။ ပြီးတော့ မျက်လုံး နှစ်လုံးကြားကို လက်နဲ့ တောက်လိုက်ပြီး "ဒီနားလည်း ပါတယ်။ အဲဒါကြောင့် ဒီနားက ကောင်လေးတွေ မင်းကို မရှုပ်ရဲကြတာ" လို့ပြောတယ်။

"ခင်ဗျားက ကျွန်တော်နဲ့ သိနေတာမို့လို့ မဟုတ်ဘူးလား"

သူက မျက်ခုံးပင့်ပြီးတော့ "အဲဒါလဲ ပါမှာပေါ့" တဲ့။

မင်းတို့ရပ်ကွက်ထဲက ဂိုဏ်းဖွဲ့နေကြတဲ့ ကောင်လေးတွေကြားမှာ မင်းရဲ့ ဂုဏ်သတင်း ကျော်စောတာကတော့ အမှန်ပဲ။ ဒါပေမဲ့ အသားခါတ်ကတော့ မင်းအတွက် ပြဿနာ ဖြစ်နေလိမ့်ဦးမယ်။ ပြောရရင် မင်းတို့မိသားစုက အရင်ထက်စာရင်တော့ အခြေအနေကောင်းတဲ့ အချိန်လို့ ပြောနိုင်တယ်။ မင်းအစ်မ ရွာပြန်သွားလို့ ပါးစပ်တစ်ပေါက် လျော့သွားတာရယ်၊ မင်းကပါ အလုပ်ရှိလာတော့ မင်းအဖေနဲ့ အစ်ကိုနဲ့ပါ ဆိုရင် ဝင်ငွေက သုံးယောက်စာ ရနေလို့ ဝင်ငွေ ရဖူးသမျှမှာ အမြင့်ဆုံးပဲ။

ဒါတောင်မှ အသားခါတ် ဆိုတာက ဈေးကြီးနေသေးတယ်လေ။ ကြက်သား ဆိုတာကို မွေးသလောက်ရှိမှ တစ်ခါစားရပြီးတော့ အမဲသားတို့ ဘာတို့ ဆိုတာကတော့ နှစ်တွေအတော်ကြာမှ တစ်ခါ မင်္ဂလာဆောင်လို ပွဲလမ်းတွေကျမှ စားရတဲ့ ဇိမ်ခံပစ္စည်းပဲ။ ပဲနီလေးနဲ့ ဟင်းနုနယ်က ပင်တိုင်ဟင်း ဆိုပေမဲ့ လည်း အသီးအရွက်က ရတဲ့ ပရိုတင်းက အကောင်တွေဆီက ရတဲ့ဟာနဲ့ မတူဘူးလေ။ အကြွေးတွေ ဆပ်၊ လိုနေတဲ့ ဆွေတွေ မျိုးတွေကို ထောက်ပံ့ပေးပြီးသွားရင် တစ်မိသားစုလုံးအတွက် တစ်ပတ်လုံးစာကတော့ ကြက်ဥ တစ်ဒါဇင် (မင်းအမေ၊ အစ်ကိုနဲ့ မင်းအတွက် လေးလုံးစီ) နဲ့ တစ်နေ့ကို ခွက်တစ်ဝက်စီလောက် ခွဲဝေသောက်ဖို့ နို့လီတာဝက်ပဲ ဝယ်စရာ ကျန်တော့တာ။

mgyoe.com

mgyoe.com


ပြီးခဲ့တဲ့ လပိုင်းတွေမှာတော့ မင်းရဲ့ တိတ်တိတ်ပုန်း အကြံအစည်အနေနဲ့ တစ်နေ့ကို နို့ဂါလန် တစ်စိတ်လောက် စိတ်မသက်မသာနဲ့ ခိုးပြီး ဝယ်နေတယ်။ အဲဒါက မင်းအဖေဆီ မပြောဘဲထားတဲ့ လစာတိုးငွေ ၁၀ ရာခိုင်နှုန်းနဲ့ ကွက်တိပဲ။ တစ်ပတ်တစ်ပတ် မင်းရဲ့ နို့သောက်တဲ့ နှုန်းဟာ မင်း အလုပ်ရှင်ရဲ့ ဖောက်သည်တွေက ဓာတ်ကားတစ်ခွေ ပို့တဲ့အခါ အပိုငွေ ဘယ်လောက် ပေးချင်နေလဲ ဆိုတာပေါ်မှာ မူတည်နေတယ်။ တစ်ဖက်ကလည်း ဒါဟာ မိသားစုကို ဝင်ငွေ လျော့သွားအောင် ခိုးနေတာပဲ ဆိုတဲ့ အတွေးက ဒေါသပွားစေတယ်။ တကယ်တမ်းကျတော့ တစ်နေ့လုံးစာအတွက် စုစုပေါင်း သုံးလိုက်တဲ့ ငွေက အထူတစ်လက်မစာ ခွေပုံလေးရဲ့ တန်ဖိုးလောက်ပဲ ရှိတယ်။

နောက်နေ့ညနေခင်းမှာ မင်းရဲ့ကောင်မလေးကိုချောင်းနေတုန်း ရှုပ်ထွေးလှတဲ့ အသားဓာတ်ကိစ္စကို တွေးနေမိတယ်။ လမ်းကျဉ်းလေးထဲ သူမ ရောက်လာတော့ မင်း ပေးထားတဲ့ ဓာတ်ကားခွေကို ထုတ်ပြီး စကားတစ်ခွန်းမှ မပြောဘဲ မင်းရင်ဘတ်ထဲ ထိုးပေးတယ်။

"မကြိုက်လို့လား"

"ကြိုက်တယ်"

"သိမ်းထားလိုက်လေ၊ လက်ဆောင်ပေးမယ်"

သူ့မျက်နှာ မာသွားတယ်။

"နင့်ဆီက လက်ဆောင်တွေ မလိုချင်ပါဘူး"

"ဆောရီးဟာ"

"နင့်မှာ ဖုန်းရှိလား"

"အင်း"

"ငါ့ကိုပေး"

"အဲ... ပြဿနာက အဲ... အလုပ်က ပေး..."

သူမက ရယ်တယ်။ မင်း ပထမဆုံး တွေ့ဖူးလိုက်တာပဲ။ ပိုနုသွားတယ်။ ဒါမှမဟုတ်လည်း သူမက ငယ်သေးပေမဲ့ ရင့်ကျက်နေတဲ့ပုံမို့လို့ အသက် ကြီးနေတယ် ထင်ရတာလည်း ဖြစ်နိုင်တယ်။

"မစိုးရိမ်ပါနဲ့၊ ငါက နင့်ဖုန်းကို ယူသွားမလို့ မဟုတ်ပါဘူး"

မင်းက ဖုန်းကို ပေးလိုက်တယ်။ သူမက ခလုတ်တွေ နှိပ်ပြီးသွားချိန်မှာပဲ သူမ အိတ်ထဲက ဖုန်းမြည်သံ တစ်သံ ထွက်လာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


"ခု ငါ့နံပါတ် နင် ရသွားပြီ"

"ငါ့နံပါတ်လဲ နင်ရသွားပြီ" လို့ သူမရဲ့ လေသံအေးအေးအတိုင်း မင်း လိုက်ပြောတယ်။ အောင်မြင်လား၊ မအောင်မြင်လားတော့ မသိဘူး၊ သူမက ထွက်သွားတယ်။

မင်းအလုပ်ရဲ့ သဘောအရအချိန်တိုင်းမှာမင်းကိုဆက်သွယ်နိုင်အောင် လို့ အလုပ်ရှင်က ဖုန်းပေးထားတယ်။ ပိုင်ရှင် သုံးခါလောက် ပြောင်းပြီးပေမဲ့ အတိုင်းအတာတစ်ခုအထိတော့ ဂုဏ်ရှိနေသေးတဲ့ ခပ်စုတ်စုတ် ဖုန်းမျိုး။ အထွက် ကောလ် ပြောရင် ကိုယ့်ဘာသာ ပေးရတာ ဆိုတော့ အမြဲတမ်းလို ပိုက်ဆံကို အနည်းဆုံးမှာပဲ ထားတယ်။ ဒီညတော့ ဖုန်းထဲမှာ ငွေ တော်တော်များများ ရှိနေ အောင် ဖုန်းဘေလ် ပြေးဝယ်ပြီလေ။

ဒါပေမဲ့လည်း မင်း မျှော်နေတဲ့ဖုန်းက မလာဘူး။ မင်းက လှမ်းခေါ်တော့ လည်း ကောင်မလေးက မကိုင်ဘူး။

စိတ်ခတ်ကျပြီးတော့ အခွေပို့တာကို မလုပ်ချင် လုပ်ချင်နဲ့ လုပ်နေ တယ်။ ညဉ့်သန်းခေါင် မင်းရဲ့ အလုပ်ချိန်ပြီးမှပဲ သူမက လှမ်းခေါ်တယ်။

"ဟေး" တဲ့။

"ဟေး"

"ငါ နောက်တစ်ကားလောက် လိုချင်လို့"

"ဘာကားလဲ"

"ငါ မပြောတတ်ဘူး၊ ငါ ကြည့်ထားတဲ့ ကားအကြောင်း ပြောကြည့် ပါလား"

"နင် ထပ်ကြည့်ချင်လို့လား"

သူမက ရယ်တယ်။ ဒီတစ်ညတည်းမှာပဲ နှစ်ခါ ဆိုတော့ မင်း ပျော်ပြီ လေ။

"မဟုတ်ပါဘူး တော့ံရယ်၊ ငါ အဲဒီအကြောင်းတွေ ပိုသိချင်လို့"

"ဘယ်လို အကြောင်းတွေလဲ"

"အကုန်လုံးပဲ။ ဘယ်သူတွေ ပါတာလဲ၊ သူတို့ ဘယ်ကားတွေကော ရိုက်ပြီးပြီလဲ၊ ဒီအကြောင်း ပြောရင် တခြားသူတွေကော ဘာတွေ ပြောကြလဲ၊ ဘာလို့ နာမည်ကြီးတာလဲ"

mgyoe.com

mgyoe.com


အဲဒီတော့ မင်း ပြောပြတယ်။ အစပိုင်းတော့ မင်း သိထားတာတွေကို ပြောပြတယ်။ ပြောရင်းနဲ့ သူမက မေးခွန်းတွေ ထပ်မေးလာတော့ ဖြစ်နိုင်မယ်ထင်တာတွေကို စိတ်ကူးပြီး ပြောတော့တာပဲ။ ထပ်ထပ်ပြီး မေးလာတော့ ကိုယ့်ဘာသာ တီထွင်ပြီးတော့ ပြောနေလိုက်တာ သူမက တော်ပါပြီ ပြောတဲ့ အထိပဲ။

"အဲဒါတွေက ဘယ်လောက်လောက်အထိ မှန်လဲ" တဲ့။

"တစ်ဝက်လောက်ပါပဲ၊ ဒါပေမဲ့ တချို့ဟာတွေက တကယ့်အမှန်ပါ"

သူမက ထပ်ရယ်ပြီးတော့ "တကယ့်ရိုးသားတဲ့ ကောင်လေး"ပဲ တဲ့။

"နင့် မိဘတွေက ဘယ်မှာလဲ"

"ဘာလို့လဲ"

"ဒီအချိန်အထိ ဖုန်းပေးပြောထားလို့လေ"

"အဖေက အပြင်သွားနေတယ်၊ အမေက အိပ်ပြီ"

"မင်း ပြောသံတွေနဲ့ သူ မနိုးဘူးလား"

"ငါ အခု အိမ်ခေါင်မိုးပေါ်မှာလေ"

မင်း စဉ်းစားကြည့်လေ၊ ခေါင်မိုးပေါ်မှာ သူမ တစ်ယောက်တည်း ဖုန်းထွက်ပြောနေတဲ့ ပုံ။ အသက်ရှူမှားလောက်စရာပဲ။ ဒါပေမဲ့လည်း မင်း ဘာပြန်ပြောရမလဲ စဉ်းစားမရခင်မှာဘဲ သူမက ဆက်ပြောလာတယ်။

"မနက်ဖြန်လဲ နောက်တစ်ကား ကြည့်ချင်တယ်၊ နင်ပဲ ရွေးပေး၊ နာမည်ကြီးထဲက"

အဲဒါက လတော်တော်ကြာအောင် ပုံမှန်လုပ်နေကျ ဖြစ်လာတယ်။ အလုပ်သွားတဲ့ လမ်းမှာ တွေ့ပြီး ဘာစကားမှ မပြောဘဲ မင်းက ခွေအသစ် ပေးတာဖြစ်ဖြစ်၊ သူမဆီက ခွေပြန်ယူတာဖြစ်ဖြစ် လုပ်တယ်။ ညကျတော့ စကားတွေ ပြောကြပေါ့။ အစပိုင်းမှာတော့ မင်း သိရုံလောက်ပဲ သိတဲ့ ဘာသာရပ်မှာ ပါမောက္ခကြီးလို ဖြစ်နေတယ်။ မင်း ကြည့်ဖူးပြီးသား မဟုတ်တောင် နည်းနည်းတော့ မြည်းဖူးပြီးသားတွေ ပေးတာ ဆိုတော့ အနည်းဆုံးတော့ မင်းရဲ့အမြင်ကို ပြောပြနိုင်တယ်လေ။ နောက်ကျတော့ မင်း ပြောတာတွေမှာ ကျန်သွားတာတွေကို သူမက ဖြည့်ပြောတာတွေ၊ သူမကပဲ တစ်ကားလုံးရဲ့ ဇာတ်ကြောင်း ပြောတာတွေ ဖြစ်လာတယ်။ မင်းတို့ ပြောကြတာက ပိုကောင်းလာတယ်။ တစ်ခါတစ်ခါ

mgyoe.com

m g y o e . c o m  SAMPLE BOOK 

လည်း အတော်လေး ငြင်းခုံနေရတယ်။ မင်း မုန့်ဖိုးရသမျှ မဟုတ်တောင် တော်တော်များများကို ဘေလ်ဖြည့်ထားပေမဲ့လည်း သူမဘက်ကပဲ စ,ခေါ်တတ်လို့ မင်းမှာ အကုန်အကျတော့ မရှိလှဘူး။ ပြီးတော့ ကိုယ့်အကြောင်း၊ သူ့အကြောင်းနဲ့ မိသားစုအကြောင်း မပြောကြဖို့လည်း သူမက တောင်းဆိုထားသေးတယ်။

သူမရဲ့အဖေက အလုပ်မလုပ်တာ အတော်ကြာပြီဖြစ်တဲ့ ကျွမ်းကျင်လက်ရေးတိုသမား။ ဖဲနဲ့ အလောင်းအစား ဝါသနာပါပေမဲ့ ပိုက်ဆံ သိပ်မရှိချိန်တုန်းကတော့ ပြဿနာကြီး မဖြစ်ခဲ့ပါဘူး။ အလုပ် မလုပ်တော့တာက ဘယ်အချိန်စလဲ ဆိုတော့ ပလတ်စတစ်ပုလင်းတွေ ထုတ်တဲ့ သူ့အလုပ်ရှင် သူဌေးက စက်ရုံပိတ်ပစ်လိုက်ပြီး အလုပ်သမားတွေကို ဆုကြေးပေးလိုက်တာကနေ စ,တာပဲ။ ကောင်မလေးရဲ့ အဖေကိုတော့ အတော်လေး ရင်းနှီးတာကြောင့် လစာရဲ့ တစ်နှစ်စာလောက်ကို ဆုကြေးပေးလိုက်သတဲ့။ အဲဒီကတည်းက အလုပ်မလုပ်တော့တာပဲ။

ခုချိန်မှာတော့ ကောင်မလေးအဖေ နေနေတဲ့ ပုံစံက မိုးလင်းခါနီးမှာ စ,အိပ်လိုက်တာ မှောင်တဲ့အချိန်၊ ဒါမှမဟုတ် အဲဒီထက် နောက်ကျမှ နိုးတာပဲ။ ပြီးတာနဲ့ သူ့မိန်းမနဲ့ သမီး ရှာထားသမျှကို ယူပြီး အာဖရိကက ပြောင်းလာသူတစ်ယောက် ခိုးဖွင့်ထားတဲ့ အရက်ဆိုင်ကို သွားတယ်။ ရဲကို အလုံအလောက်လာဘ်ထိုးထားပေမဲ့ ဘာသာရေးသမားတွေက ဆူညံပူညံ ဖြစ်လာရင် ပိတ်ထားသလို ပုံစံ ဖြစ်အောင် ဟိုရွှေ့ ဒီရွှေ့နဲ့ ဖွင့်တဲ့ ဆိုင်။ ကစားပွဲတွေ မစခင် သန်းခေါင်ထိ သူက တစ်ယောက်တည်း အဲဒီမှာ ထိုင်သောက်တော့တာပဲ။ ပြီးတာနဲ့ သူ့မိတ်ဆွေတစ်ယောက် ပြထားတဲ့ စုတ်စုတ်ပြတ်ပြတ် ဆိုင်လေးထဲ ဝင်သွားတယ်။ အဲဒီမှာ သူများတွေ ဝိုင်းရိုက်တာ ခံရဖူးလို့ ခုထိ ဘယ်ဘက် လက်ချောင်း သုံးချောင်းက ကွေးမရဘူး။ သူ့မိတ်ဆွေ ဖြစ်ချင်ပုံမရတဲ့ လူမိုက်တစ်ယောက်ကို ပြန်ဆပ်ဖို့ အကြွေး တော်တော်တင်နေတော့ အဲဒါများ ပြန်ရမလား လာဆော့တယ်။ မဆပ်နိုင်ရင် ဘာဖြစ်မလဲ ဆိုတာ သိပြီး ကြောက်နေရတာကိုး။

ကောင်မလေးရဲ့အမေ သူ့မိန်းမကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ အဆစ်ရောင် ရောဂါကို ဆိုးဆိုးရွားရွား ခံနေရတယ်။ အသက်ကြီးမှ အလုပ်ရှာတဲ့သူဆိုတော့ ရမိရရာ တံမြက်စည်းလှည်းသမား အလုပ်ပဲ ရလို့ ရောဂါဒဏ် ပိုခံရတယ်။

m g y o e . c o m

mgyoe.com  SAMPLE BOOK 

သူ့ယောကျ်ားကို စကားလုံးလုံး မပြောတော့ဘူး။ သူ့သမီးကို ဆိုရင်လည်း တစ်ခါတစ်ခါ ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား ထအော်တာက လွဲရင် မပြောသလောက်ပဲ။ အလုပ်ထဲမှာလည်း 'အ'နေသလို နေတယ်။ နတ်ဘုရားတွေကိုတော့ စကားပြောတယ်။ လူတွေကြားမှာတောင် နာကျင်မှုတွေ သက်သာဖို့ တိုးတိုး တိုးတိုးနဲ့ ဆုတောင်းနေတတ်တော့ အရူးလို့တောင် ထင်ရတယ်။

ဒီကောင်မလေး အိမ်ကနေ လွတ်ဖို့ ကြိုးစားတယ် ဆိုတာ မထူးဆန်းတော့ပါဘူး။ အလှပြင်ဆိုင်မှာ သူမ ရတဲ့ လစာက သူမရဲ့ အမေထက် အများကြီးပိုတယ်။ ရသမျှလည်း မိဘတွေကို မညည်းမညူ အကုန် ပြန်အပ်တယ်။ အလှပြင်ဆိုင်ကို သိပ်နာမည်မကြီးသေးတဲ့ ဓာတ်ပုံဆရာတွေလည်း လာတတ်တော့ သူမက အဲဒီလောကနဲ့ ဆက်သွယ်မိတယ်။ စရိတ်နည်းနည်းနဲ့ ရိုက်ကြတာမျိုး ဆိုရင် သူမကိုတောင် ဆံပင်နဲ့မိတ်ကပ် အကူအဖြစ် အလုပ်ပေးကြတယ်။ အဲလိုနဲ့ပဲ ခေါင်းလျှော်ရည် တစ်ခုရဲ့ ကြော်ငြာဒွာနက မန်နေဂျာနဲ့ တွဲဖြစ်တယ်။ သူက သူမမှာ မော်ဒယ်တစ်ယောက် ဖြစ်လာဖို့ အလားအလာတွေ ရှိပြီးတော့ ဖြစ်အောင်လည်း လုပ်ပေးမယ် ပြောထားသလို ကြားထဲမှာလည်း လက်ဆောင်တွေ၊ ပိုက်ဆံတွေ ပေးတယ်။ အဲဒီ ရတဲ့ဟာကိုတော့ မိဘတွေကိုရော မန်နေဂျာကိုပါ မပြောပြဘဲ လွတ်မြောက်ရေးအတွက် သုံးမယ်လို့ ရည်ရွယ်ပြီး စုထားတယ်။

ပိုးကြေး ပန်းကြေးအတွက် အပြန်အလှန်အနေနဲ့ မန်နေဂျာက အတွေ့ကို တောင်းတော့တာပဲ။ ပထမတော့ နမ်းရုံ ဟိုပွတ် ဒီသပ်ပဲ။ နောက်တော့ ပါးစပ်နဲ့ ဆက်ဆံပေးရတယ်။ နောက်တော့ ကောင်မလေးအဖို့ အံ့အားသင့်စရာပဲ၊ အပျိုရည် မပျက်အောင်လို့ ဆိုပြီး စအိုနဲ့ ဖြစ်လာရော။ နောက် ကြာလာတော့ အဲဒီစဉ်းစားပုံကို သံသယဖြစ်လာတာနဲ့ အဲဒါကိုလည်း ခွင့်ပြုလိုက်တော့တာပဲ။

မန်နေဂျာက ပေးတဲ့ စိတ်လှုပ်ရှားစရာတွေနဲ့ နွေးထွေးမှုတွေက ခုတော့ ပျောက်ပျက်လာတယ်။ ရည်မှန်းချက်က ကိုယ့်ဘာသာ နေနိုင်ဖို့အတွက် ပိုက်ဆံစုရေးပဲ ဖြစ်လာပြီးတော့ ပြည့်သလောက်နီးနီး ဖြစ်လာတယ်။ မန်နေဂျာက သူမရဲ့မျက်နှာကို ကြော်ငြာမှာ ထည့်ပေးပြီး လူသိများအောင် လုပ်ပေးဖို့ ဆိုတာကိုတော့ မျှော်လင့်ထားတုန်းပဲ။ ဒါပေမဲ့ သူမက ခပ်အအတော့ မဟုတ်ဘူးရယ်။ အလှပြင်ဆိုင်ကို လာတဲ့ တခြားဓာတ်ပုံဆရာတွေနဲ့ ချိတ်မိနေပြီးတော့ သူတို့က လည်း သူမမှာ အလားအလာရှိတယ်လို့ ပြောကြတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ကောင်မလေးအတွက် သိသာထင်ရှားတာ တစ်ခုကတော့ သူမအနေနဲ့ ဖက်ရှင်လောကကို အောက်ဆုံးကနေ ဝင်မယ် ဆိုရင်တောင်မှ ယဉ်ကျေးမှုနဲ့ လူတန်းစား ကွာခြားမှုကို ဖြတ်ကျော်ရမယ် ဆိုတာပဲ။ အဲဒီလိုနဲ့ သူမရဲ့ ပထမဆုံး စိတ်ဝင်စားမှု ဖြစ်လာတာက ရုပ်ရှင်ဇာတ်ကားတွေ၊ ပြီးတော့ မင်း။ အဲဒီမှာ သူမ သိလာတာက အဲဒီကနေ သင်ယူရတာတွေထက် ရုပ်ရှင်ကြည့်ရတာကိုပဲ ပိုပျော် လာတယ်။ အံ့သြစရာ ပိုကောင်းတာက မင်းနဲ့ စကားပြောနေရတာကို ပိုနှစ်ခြိုက် လာတယ်။ သူမ မုန်းတဲ့ ပတ်ဝန်းကျင်မှာ နေပျော်အောင် လုပ်ပေးလာတဲ့ မင်းကို မိတ်ဆွေ သူငယ်ချင်းလို့ သတ်မှတ်လိုက်တယ်။

မင်း သူမအပေါ်မှာ ဘယ်လိုသဘော ရှိတယ် ဆိုတာလည်း သူမ သိပါ တယ်။ လမ်းကြားက ဖြတ်သွားကြရင် မင်း ကြည့်လိုက်ပုံကို သူမ နားလည်တယ်။ မင်းအပေါ်မှာ သူမ ထားတဲ့ စိတ်ကတော့ အဲဒါနဲ့ မတူဘူးလို့ သူ့ဘာသာသူ ပြော တတ်တယ်။ မင်းနဲ့က ရွယ်တူဖြစ်ပြီးတော့ သွေးသားမစပ်ပေမဲ့လည်း မင်းကို နွေးထွေးမှုနဲ့ မေတ္တာပေးတဲ့ မောင်လေးတစ်ယောက်လို့ သဘောထားတယ်။ ပြီးတော့ မင်းမျက်လုံးတွေက သိပ်လှတယ်လေ။

တခြား တစ်ခုခု ရှိသေးတာလည်း သူမ သိတယ်။ မင်းနဲ့ စကားပြောနေ ချိန် ဆိုရင် တခြားအချိန်တွေထက် ပျော်တယ်။ မင်းခန္ဓာကိုယ် ပုံစံနဲ့ လမ်းလျှောက် ပုံကို သဘောကျတယ်။ မင်းရဲ့ အမူအရာတွေကို သဘောကျတယ်။ မင်းရဲ့ မဖြစ် ဖြစ်အောင် လုပ်ပေးတတ်တာကိုလည်း ကြွေတယ်။ မင်းက သူမ ဆန္ဒမရှိတဲ့ နေရာ တစ်ခုဆီကို သွားနိုင်မဲ့ တံခါးပေါက်ပဲ။ တံခါးရဲ့ အလွန်မှာ စိတ်ပျက်စရာ တွေပဲ ရှိနေဦးတော့ တံခါးကိုက သူမရဲ့ စွဲလမ်းမှုတချို့ကို ရထားပြီးပြီ။

ဒီပတ်ဝန်းကျင်ကနေ ထွက်မသွားခင်မှာ မင်းဆီကို ဖုန်းခေါ်တယ်။ ဖုန်းခေါ်တာက မထူးဆန်းပေမဲ့ ပြောတာတွေကတော့ ထူးနေတယ်။

"လာခဲ့ပါလား"

"ဘယ်ကိုလဲ"

"ခေါင်မိုးပေါ်မှာ လာတွေ့လေ"

"အခုလား"

"အခုပေါ့"

"အိမ်က ဘယ်နားလဲ"

mgyoe.com